မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ၂၀၀၆ ခုနှစ်၊ မေ ၁၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၉၅)၊ အမှတ် (၂၂၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်
* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲများ တက်ရောက်အားပေး မန္တလေးဈေးချိုပလာဇာ ကွန်ဒိုမီနီယံတာဝါ တည်ဆောက်ရေးလုပ်ငန်း ကြည့်ရှု

ရန်ကုန် မေ ၁၀

မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၆ ရက် နံနက် ၇နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် သမ္မတာကျေးရွာအုပ်စု ကွင်းအမှတ် ၅၄၂ ရှိ မျိုးသန့်စံပြကျေးရွာ ဧက ၂၀၀ ၌ ကျင်းပသည့် ခွေးစပါးစံပြစိုက်ခင်း စုပေါင်းသမန်းနှိုးပွဲနှင့် မြေသြဇာကြဲပက်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

ကြည့်ရှု စစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် မန္တလေးဈေးချိုပလာဇာ ခြောက်ထပ်နှင့် ၂၅ ထပ် ကွန်ဒိုမီနီယံတာဝါ တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး၊ အင်တာနက်သတင်းနှင့် ဓာတ်ပုံအညွှန်း

❐ မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်ဖြစ်တော်စဉ်များတွင် "ဗျာ၊ ဖွား၊ ပွင့်၊စံ၊ ဤလေးတန်၊ မှတ်ရန် ဗုဒ္ဓနေ့"ဟု အဆိုရှိပါသည်။ ကဆုန်လပြည့်နေ့တွင် ဗျာဒိတ်တော်ခံယူခြင်း(ဗျာ)၊ ကဆုန်လပြည့်နေ့တွင် ဖွားတော်မူခြင်း (ဖွား)၊ ကဆုန်လပြည့်နေ့တွင် ပွင့်တော်မူခြင်း(ပွင့်)၊ ကဆုန်လပြည့်နေ့တွင် ပရိနိဗ္ဗာန် စံဝင်တော်မူခြင်း(စံ)၊ ဤကဲ့သို့ ကဆုန်လပြည့်နေ့မှာပင် မြတ်ဗုဒ္ဓ၏အဖြစ်တော်လေးမျိုး တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပေါ်ခဲ့သည့်အတွက်ကြောင့် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓဘာသာဝင် သူတော်စင်တို့က "ဗုဒ္ဓနေ့"ဟူ၍ အထွတ်အမြတ်ထားကြခြင်းဖြစ်။

ဦးကျော်စိန်(မန္တလေး) ဆောင်းပါး (စာ-၁၀)

တိုကျိုမြို့အနီးမှ ဆိုလာဆဲလ် အသုံးပြုသည့်အိမ်များ။

အင်တာနက်သတင်းနှင့်ဓာတ်ပုံ (စာ-၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မေလ ၁၁ ရက်)

ဒါန၊ သီလ၊ ဘာဝနာတည်းဟူသော ကောင်းမှုကုသိုလ်ပြု ကဆုန်ညောင်ရေသွန်းပွဲတော် ပျော်ရွှင်ချမ်းမြေ့စွာဆင်နွှဲ

ယနေ့သည် ၁၃၆၈ခုနှစ် ကဆုန်လပြည့်နေ့ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်အပေါင်းက ကဆုန်လပြည့်နေ့ကို **"ဗုဒ္ဓနေ့"**အဖြစ် သတ်မှတ်လျက် ဘုရားဖြစ်တော်မူစ ကျူးရင့်တော်မူသည့် ဥဒါန်းဂါထာတော်များနှင့် ပဋိစ္စသမုပ္ပာဒ် ပါဠိဒေသနာတော်တို့ကို ရွတ်ဖတ်ပူဇော်ပြီး အခါတော်နေ့အဖြစ် ကျင်းပပူဇော်ကြသည်။

ကဆုန်လပြည့်နေ့သည် "ဖွားဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"ဟူသော ဆိုစကားနှင့်အညီ ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက်ဖြစ်သော ဂေါတမ ဗုဒ္ဓအမည်ဖြင့် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာမြတ်စွာဘုရားထံမှ နိယတဗျာဒိတ်ကို ကဆုန်လပြည့်နေ့တွင်ခံယူခြင်း၊ မဟာသက္ကရာဇ်၆၈ခု ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသားအား ဖွားမြင်တော်မူခြင်း၊ မဟာသက္ကရာဇ်၁၀၃ခု ကဆုန်လပြည့်နေ့ အရုဏ်တက်ချိန်တွင် ဂေါတမဘုရားအလောင်းတော်သည် သစ္စာလေးပါးကို သိမြင်တော်မူ၍ သဗ္ဗညုတဘုရားရှင် အဖြစ်သို့ရောက်ရှိတော်မူခြင်း၊ မဟာသက္ကရာဇ်၁၄၈ခု ကဆုန်လပြည့်နေ့တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းဟူသည့် အလွန်ထူးခြားသော ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့သည့် နေ့ထူးနေ့မြတ်ကြီးဖြစ်သည်။

ကာဠူ၊ ယသော်၊ ညီတော်၊ ဆန္န၊ ခဏ္ဍိက၊ သောဏ္ဏ၊ ဗုဒ္ဓဟေ ဟူသည့် ဘုရားရှင်၏ ဖွားဖက်တော်ခုနစ်ပါးတွင် အပါအဝင်ဖြစ်သော ဗောဓိညောင်ပင်ကို အမှီပြု၍ ဘုရားရှင်သည် ပုဗ္ဗေနိဝါသဉာဏ်တော်၊ ဒိဗ္ဗစက္ခုဉာဏ်တော်၊ အာသဝက္ခယဉာဏ်တော်တို့ကို ရရှိတော်မူသည်။

ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် ဗောဓိပင်ကိုစိုက်၍ ဘုရားရှင်ကိုယ်စား ပူဇော်ကိုးကွယ်ခဲ့ကြသည်ကို တွေ့ရှိရသည်။

မဟာဗောဓိပင်သည် မြန်မာနိုင်ငံသို့လည်း သာသနာတော်ရောက်ရှိစဉ် အလွန်ရှေးကျသော ခေတ်ကပင် ရောက်နေပြီဖြစ်သည်။ မြန်မာပြက္ခဒိန်လများ၏ ဒုတိယမြောက်လကို ကဆုန်လဟု ဗောဓိညောင်ပင်အား ရေသွန်းလောင်းခြင်းကို အစွဲပြု၍ အမည်ပေးထားခြင်းဖြစ်သည်။

ကဆုန်ညောင်ရေသွန်းပွဲတော်ကို "မဟာဗောဓိညောင်ပင်များ မညှိုးမနွမ်း စိမ်းလန်းရှင်သန်စေရန်နှင့် ပူပြင်းလှသည့် ကဆုန်လတွင် မိုးရွာသွန်းစေရန်" ဟူသည့် ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ကျင်းပခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ဖြစ်သော ဗောဓိညောင်ပင်များ ညှိုးနွမ်းပျက်စီးခြင်းမရှိဘဲ လန်းဆန်းရှင်သန်စေရန် ရေလောင်းပူဇော်သည့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ကောင်းပင် ဖြစ်သည်။

ကဆုန်လသည် နွေဥတုကာလ၏ ဗဟိုချက်မအလယ်ကျသောလဖြစ်၍ အပူရှိန်လွန်ကဲသည်။ ဤလတွင် ဝိသာခါနက္ခတ်သည် လမင်းနှင့်အတူ ကောင်းကင်တွင် ယှဉ်ပြိုင်ထွန်းပသည်။ ရာသီပန်းအနေဖြင့် စကားဝါပန်း ဖြစ်သည်။ ကဆုန်လပြည့်နေ့ရောက်တိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ရွာဒေသ အသီးသီး၌ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပလေ့ရှိကြသည်။

ကဆုန်ညောင်ရေသွန်းပွဲတော်နှင့်အတူ သက်ကြီးပူဇော်ပွဲများပြုလုပ်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ အလှူဒါနပြုခြင်း၊ တရားဘာဝနာပွားများအားထုတ်ခြင်း ပြုကြသည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင်တို့သည် ကဆုန်လပြည့်နေ့တွင် ဒါန၊ သီလ၊ ဘာဝနာတည်းဟူသော ကောင်းမှုကုသိုလ် ပြုလျက် ဘုရားရှင်ဖွားမြင်တော်မူသောနေ့ အထိမ်းအမှတ်ကို ပူဇော်ရာရောက်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကိုးဘွဲ့ရဆရာတော် အရှင်အာစာရ လင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ)၏ မွေးနေ့ အလှူတော်ပွဲကို မေ ၇ ရက်က သမိုင်းကျိုက်ဝိုင်းပေါက် တန်းဒိတ်ကုန်းကျောင်းတွင် ကျင်းပရာ သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာ အိမ်ရာနေ ရဟန်းအမကြီး ဒေါ်ထွေးအောင်နှင့် မိသားစုတို့က ဝိဟာရဒါန အလှူတော်ငွေကျပ် ခြောက်သိန်း ဆက်ကပ် လှူဒါန်းစဉ်။
(က-ပ)

မြဝတီရုပ်မြင်သံကြား

၁၁-၅-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇းဝဝ ၁။ မြဝတီအဖွင့်
၇းဝ၅ ၂။ အဖွင့်သီချင်း
၇း၁ဝ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅ ၄။ မျိုးချစ်တပ်မတော်
၇း၂ဝ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃ဝ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄ဝ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈းဝဝ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁ဝ ၁ဝ။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄းဝဝ ၁။ မြဝတီအဖွင့်
၄းဝ၅ ၂။ အဖွင့်သီချင်း
၄း၁ဝ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄း၁၅ ၄။ မျိုးချစ်တပ်မတော်
၄း၂ဝ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃ဝ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၄း၄ဝ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅ဝ ၈။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅းဝဝ ၉။ မျိုးချစ်တပ်မတော်
၅း၂ဝ ၁ဝ။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆းဝဝ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁ဝ ၁၃။ နိုင်ငံတကာသတင်း
၆း၂ဝ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃ဝ ၁၆။ မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
၆း၅ဝ ၁၇။ လျှပ်တစ်ပြက်
၇းဝဝ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၁၄)
၈းဝဝ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂ဝ။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်မတင်လေး"** (အပိုင်း-၁)

လှိုင်ကော်မြို့နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ပြည်နယ်ဥက္ကဋ္ဌဗိုလ်မှူးကြီးလှမြင့်ရွှေစစ်ဆေး

ရန်ကုန် မေ ၁၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှမြင့်ရွှေတို့သည် မေ၅ရက်က ကယားပြည်နယ် လှိုင်ကော်မြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် ခြံစည်းရိုးကြက်ဆူပင် ၁ဝဧကသို့လည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့က တာဝန်ယူဆောင်ရွက်သည့် ခြံစည်းရိုး ကြက်ဆူစိုက်ခင်း ၁ဝဧကသို့လည်းကောင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက တာဝန်ယူဆောင်ရွက်သည့် ခြံစည်းရိုး ကြက်ဆူစိုက်ခင်း၁ဝဧကသို့ လည်းကောင်း၊ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန် ယူဆောင်ရွက်သည့် ခြံစည်းရိုးကြက်ဆူပင် မျိုးဥယျာဉ်နှင့် ကြက်ဆူပင်စံပြစိုက်ခင်း ၁ဝဧက သို့လည်းကောင်း၊ ကယားပြည်နယ်ရဲတပ်ဖွဲ့က တာဝန်ယူဆောင်ရွက်သည့် ခြံစည်းရိုး ကြက်ဆူစံပြစိုက်ခင်း ၁၂ဧကသို့လည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ပြည်နယ် ကြီးကြပ်ရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သည့် ခြံစည်းရိုးကြက်ဆူ စိုက်ခင်းသို့ လည်းကောင်း၊ လှိုင်ကော်တက္ကသိုလ်၏ ခြံစည်းရိုး ကြက်ဆူပင်စိုက်ခင်း ငါးဧကသို့လည်းကောင်း၊ ဒေသခံတပ်နယ်က ဆောင်ရွက်သည့် ပျိုးပင်ပေါက်လေးသိန်း စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ် အမှတ်(၂)၊ အမှတ်(၃)နှင့် အမှတ်(၄)တို့ရှိ ကြက်ဆူပင်စိုက်ခင်း ၁၄၇ဧကကို လည်းကောင်း၊ ပန်ကန်းကျေးရွာ၏ ဧက၆ဝ ခြံစည်းရိုးကြက်ဆူ စိုက်ခင်းသို့လည်းကောင်း ရောက်ရှိကြပြီး ကြက်ဆူပင်များ ရှင်သန်ကြီးထွားနေမှု၊ ကြက်ဆူ ပင်ကြီးများမှ သီးကင်းများ ထွက်ရှိနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခြံစည်းရိုးကြက်ဆူစိုက်ခင်း ဧက၂ဝတွင် ပြုလုပ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြပြီး ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်သည့် အမှုဆောင်များ စီမံခန့်ခွဲမှုဆင့်ပွားသင်တန်း အမှတ်စဉ်(၁ဝ)ဆင်းပွဲသို့ တက်ရောက်ကြပြီး ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ပြီး ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များသည် အဆိုပါကျောင်းတွင် ဆောက်လုပ်နေသည့် အလျားပေ၁၂ဝ၊ အနံပေ၃ဝရှိ တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် ဒီမော့ဆိုမြို့နယ် မြို့တော်ခန်းမတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြ၍ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ခန်းမ တည်ဆောက်ရေးအတွက် အလှူငွေကျပ်ခြောက်သိန်းကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၏ ပြည်နယ်နှင့် မြို့နယ်များအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို တင်ပြကြရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး အမှာစကား ပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် မေ ၇ ရက်တွင် လွိုင်ကော်မြို့ သုံးမိုင်ပကြဲစံပြကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ခင်းလမ်းဖြစ်လာရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည့် အခြေအနေများကို ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် လွိုင်ကော်မြို့ သုံးမိုင်ပကြဲစံပြကျေးရွာ ဇေယျာသန္တိ ကျောင်းတိုက် ပြည်လုံးချမ်းသာ ဆုတောင်းပြည့် စေတီတော်ကြီး ပန္နက်တင်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်၍ ပန္နက်ရိုက်ပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အလှူရှင်များက ငွေကျပ်သိန်း၃ဝကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်ပန်းနတ်တော်ရွာ နတ်တည်ဆုတောင်းပြည့်စေတီတော်ကြီး အခုံစေတီ ၆၈ ဆူ ရွှေထီးတော်တင်လှူပူဇော်

ရန်ကုန် မေ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့ ရေသိုကျေးရွာအုပ်စု နတ်တော်ရွာရှိ နတ်တည်ဆုတောင်းပြည့်စေတီတော်ကြီးနှင့်အခုံစေတီ ၆၈ ဆူ ရွှေထီးတော်တင်လှူပူဇော်ပွဲ ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ၁၃၆၈ ခုနှစ် ကဆုန်လဆန်း ၃ရက် (မေ ၂၉ ရက်) နံနက် ၉ နာရီ၄၁ မိနစ်က ကျင်းပသည်။

ရွတ်ပွားပေး

အခမ်းအနားတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အောင်ချမ်းသာဆရာတော် ဘဒ္ဒန္တမဟာထေရ်မြတ်ထံမှ ပရိသတ်က ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်အရှင်မြတ်တို့က မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ခဲ့ကြပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကလောမြို့မကျောင်းဆရာတော် ဘဒ္ဒန္တကုသလမဟာထေရ်မြတ်က အနုမောဒနာတရားချီးမြှင့်၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ရွှေမိုးငွေမိုး

အစီအစဉ် ဒုတိယပိုင်း၌ ထီးဒါယကာမစ္စတာဝမ်ကျင်ရီနှင့်အဖွဲ့တို့က ဦးဆောင်၍ ဘုရားဒါယကာ ဘုရားဒါယိကာမများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ရွှေထီးတော်ဘုံအဆင့်ဆင့်ကို ပင့်ဆောင်၍စေတီတော်ကြီးအား လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်ပြီး အမှတ်(၂) တပ်မတော် စစ်ဆေးရုံ(ခုတင်–၇၀၀)မှ ဗိုလ်မှူးချုပ်သောင်းထိုက်က စိန်ဖူးတော်မြတ်ကို မင်္ဂလာအချိန်၌ စေတီတော်အားတင်လှူပူဇော်ပြီး ရွှေထီးတော်တင်လှူပွဲ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြောင်းသိရသည်။ **(ခရိုင်ပြန်/ဆက်)**

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဖိုးဝင်းတပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲအတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျောဖုံးမှ

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အားကစားခန်းမသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းမှူးက အားကစားခန်းမသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် ကန့်ဘလူမြို့နယ်မှ အားကစားသမားလေးများက ဖွင့်ပွဲအထိမ်း အမှတ် မော်ကွန်းကမ္ပည်းကြေးပြားကို ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များက မော်ကွန်းကမ္ပည်းကြေးပြားကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

လေ့ကျင့်ယှဉ်ပြိုင်နိုင်

ဆက်လက်၍ဖွင့်ပွဲအခမ်းအနားကို အားကစားခန်းမသစ်အတွင်း ကျင်းပရာ တိုင်းမှူးက စစ်ကိုင်းတိုင်းအတွင်း၌ စစ်ကိုင်းမြို့ အားကစားခန်းမနှင့် ကန့်ဘလူမြို့ အားကစားခန်းမသစ်ကြီးကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပင်လည်ဘူးမြို့နယ် အားကစားခန်းမကိုလည်း အားကစားဝန်ကြီးဌာန စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေဖြင့် စတင်တည်ဆောက်နေပြီဖြစ်၍ အားကစားသမား မောင်/မယ်များ အနေဖြင့် စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လေ့ကျင့်ယှဉ်ပြိုင်ကစားနိုင်ကြပြီး ထူးချွန်အောင်မြင်သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်အောင်ကြိုးစားကြရန် အမှာစကားပြောကြားသည်။

ရေရှည်တည်တံ့ရေး

ထို့နောက် ဝန်ကြီးက အားကစားကဏ္ဍ အဆင့်မြင့်မားလာစေရေးအတွက် စီမံချက်များရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိသည့် နည်းတူ အားကစားကွင်း၊ အားကစားခန်းမများ အသစ်တည်ဆောက်ပေးခြင်း၊ အဆင့်မြင့်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၁၉၉၉ ခုနှစ်မှ ယနေ့အထိ အားကစားကွင်း ၁၇ခုနှင့် အားကစားခန်းမ ၁၃ ခုကို အသစ်တည်ဆောက်ပေးခဲ့ပြီး အာကစားကွင်း ၁၀ခုနှင့် အားကစားခန်းမ ငါးခုကို အဆင့်မြင့် ပြုပြင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အားကစား ခန်းမကြီး ရေရှည်တည်တံ့အသုံးပြုနိုင်ပြီး စစ်ကိုင်းတိုင်း အားကစား တိုးတက်ရေးကို အထောက်အကူပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးက စစ်ကိုင်းတိုင်း အားကစားနှင့် ကာယပညာကော်မတီသို့ ငွေကျပ် ၈၄၀၀၀၀ကျော်တန်ဖိုးရှိ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်းနှင့် လက်ဝှေ့အားကစား ပစ္စည်းများကိုလည်းကောင်း၊ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်သို့ ငွေကျပ် ၄၅၀၀၀၀ကျော်တန်ဖိုးရှိ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တိုင်းအားကစားနှင့်ကာယပညာဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းတို့က လက်ခံကြသည်။

အကုန်အကျခံ

ကန့်ဘလူမြို့ အားကစားခန်းမသစ်မှာ အလျားပေ ၁၂၀၊ အနံပေ ၉၀၊ အမြင့် ၃၆ ပေရှိ သံမဏိသံပေါင်၊ လျှာထိုးနှစ်ထပ်ကြမ်းခင်း အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်မှ ငွေကျပ် ၇၅၆ သိန်း အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

တက်ရောက်အားပေး

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်ဧည့်သည်တော်များသည် ကန့်ဘလူမြို့ တည်ဆောက်ဆဲဈေးသစ်ကြီး၏ ပတ်လမ်းများဖြစ်သည့် ယုဇနလမ်းနှင့် ဗိုလ်မင်းရောင် ကတ္တရာလမ်းသစ်များ ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ဆက်လက်၍ တိုင်းမှူးက ယုဇနလမ်းနှင့် ဗိုလ်မင်းရောင် ကတ္တရာလမ်းသစ်များဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်များသည် ဖွင့်လှစ်လိုက်သည့်လမ်းသစ်များနှင့် တည်ဆောက်ဆဲခေတ်မီဈေးသစ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယခုဖွင့်လှစ်သည့် ယုဇနလမ်းမှာ အရှည်ပေ ၄၂၀ ရှိပြီး ယခင် ၁၂ ပေ အကျယ်လမ်းကို ၂၄ ပေ လမ်းအဖြစ် အကျယ် ၁၂ ပေ တိုးချဲ့၍ လည်းကောင်း၊ ဗိုလ်မင်းရောင်လမ်းသစ်မှာ အရှည် ၆၃၄ပေ၊ အကျယ် ၂၄ပေအဖြစ် လည်းကောင်း ကတ္တရာလမ်းသစ်များ အဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မီးစက်ဖွင့်

တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မေ ၆ရက်တွင် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဖိုးဝင်းတပ်ကျေးရွာသို့ သွားရောက်၍ ရူဝံကြယ်မီးစက်ဖွင့်ပွဲသို့ တက်ရောက်အားပေးကြရာ မီးစက်အဆောက်အအုံကို ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းနှင့် ဝက်လက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးအေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့်ဝန်ကြီးတို့သည် မီးစက်အဆောက်အအုံ အတွင်း ကြည့်ရှုစစ်ဆေးကြသည်။

ရူဝံကြယ်မီးစက်ကို မန္တလေးမြို့ ငြိမ်းချမ်းရွှေပြည်ကျောင်း ဉာဏဝါဒါစရိယဆရာတော်ဓမ္မကထိကဗဟုဇနဟိတဓရ သဒ္ဓမ္မဇောတိက အရှင်ပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)က ငွေကျပ်သိန်း ၃၀အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်ဓာတ်အား ၂၀ကီလိုဝပ် ထွက်ရှိသဖြင့် ကျေးရွာအတွင်းရှိ အိမ်ခြေ ၇၀ကို ညစဉ် ၆နာရီမှ ၁၀နာရီအထိ လျှပ်စစ်မီးပေးနိုင်ပြီ ဖြစ်သည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ဖိုးဝင်းတပ်ရွာတွင် အသစ်တည်ဆောက်မည့် ရူဝံကြယ် စာကြည့်တိုက်နှင့် ရူဝံကြယ်ဓမ္မဗိမာန် တို့ကို မင်္ဂလာအုတ်မြစ်တော်စီ ပေးကြပြီး ဖိုးဝင်းတပ် ကျေးရွာအခြေခံပညာ မူလတန်းကျောင်း(ခွဲ)အတွက်ဗလာစာအုပ်၊ ခဲတံများနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ခြစ်ညည်းရိုးကြက်ဆူပင် ၂၄၆၀၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ခဲ့ပြီး ရပ်ကွက်အလိုက် စိုက်ပျိုးလျက်ရှိရာ မေ ၁၀ ရက်က ကူးတို့ဆိပ်ရပ်ကွက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့်လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းပါဝင်၍ ခြစ်ညည်းရိုးကြက်ဆူပင်စိုက်ပျိုးကြစဉ်။

(၂၅၉)

စာအောင်သံဃာတော်များပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၀

နိုင်ငံတော်က ကြီးမှူးကျင်းပသော (၅၈)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဤအဖွဲ့၏ ထောက်ပံ့ပူဇော်မှုကို ခံယူ၍ စာမေးပွဲဖြေဆိုအောင်မြင်တော်မူကြသည့် မူလအာဘိဓမ္မိက (နှစ်ပုံခွဲဆောင်) (အထူးအောင်) တစ်ပါး၊ ဒီဃနိကာယ ကောဝိဒ (နှစ်ပုံအောင်) တစ်ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ လေးပါး၊ ဝိနယဓရ ၁၀ပါး၊ ဥဘတောဝိဘင်္ဂဓရ (အထူးအောင်) သုံးပါး၊ ဥဘတော ဝိဘင်္ဂဓရ ၂၉ပါး စုစုပေါင်း သာသနာ့ အာဇာနည် အရှင်သူမြတ် ၄၈ပါးတို့အား ချီးကျူးဂုဏ်ပြု ပူဇော်ပွဲနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး အပါအဝင် ဆရာတော်ကြီး လေးပါး တိပိဋကဓရ တိပိဋကကောဝိဒဆရာတော် ရှစ်ပါးတို့အား ကြည်ညိုပူဇော်ပွဲကို မေ ၂၈ ရက် (တနင်္ဂနွေနေ့)တွင် အဖွဲ့ဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကြည်ညိုလှူဒါန်း ပူဇော်လိုသူများ ဗဟိုအကျိုးတော်ဆောင်များနှင့် အဖွဲ့တည်ရှိရာ အမှတ် ၁၅ ကြားတောရလမ်း ရွှေတိဂုံဘုရားအရှေ့ဘက် ဗဟန်း ရန်ကုန်မြို့ ဖုန်း– ၃၈၂၁၁၁၊ ၂၄၈၂၂၄ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

ပြည်တွင်းခရီးစဉ်များစရိတ်သက်သာစွာဖြင့် လွယ်ကူချမ်းမြေ့စွာသွားလာနိုင်ရေးစီစဉ်ထား

ရန်ကုန် မေ ၁၀

မြန်မာ့ခရီးသွားလုပ်ငန်းဌာနသည် ပြည်တွင်းခရီးသွားများ မြန်မာပြည်အနှံ့ လွယ်ကူစိတ်ချမ်းမြေ့စွာနှင့် စရိတ်သက်သာစွာဖြင့် ခရီးသွားလာနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ စီစဉ်ဆောင်ရွက်ပေးရာတွင် အစုအဖွဲ့အလိုက်ဖြစ်စေ၊ အဖွဲ့ငယ်လိုက်ဖြစ်စေ၊ မည်သည့်နေ့ရက်မဆို သွားလာနိုင်ရန် ခရီးစဉ်များစီစဉ်ပေးလျက်ရှိရာ ရန်ကုန်–မြစ်ကြီးနား(မြစ်ဆုံ)–အင်းတော်ကြီးခရီးစဉ်၊ ရန်ကုန်တောင်ကြီး(ကက္ကူမွေတော်)–အင်းလေး–ပင်းတယ–ကလောခရီးစဉ်၊ ရန်ကုန်–ကျိုက်တုံ–မိုင်းလား၊ တာချီလိတ်ခရီးစဉ်၊ ရန်ကုန်–စစ်တွေ–မြောက်ဦးခရီးစဉ်၊ ရန်ကုန်–ပြင်ဦးလွင်–လားရှိုး–မူဆယ်ခရီးစဉ်၊ ရန်ကုန်–ပုဂံ–ပုပ္ပား– ပြည်ခရီးစဉ်များကို ဆောင်ရွက်ပေးလျက်ရှိသည်။

အပန်းဖြေခရီးစဉ်များဖြစ်သည့်ရန်ကုန်–ချောင်းသာ၊ ရန်ကုန်–ငွေဆောင်၊ ရန်ကုန်–ငပလီခရီးစဉ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိပြီး ရက်တိုအားလပ် ရက်များတွင် ရန်ကုန်မှအနီးဆုံး သွားရောက်နိုင်သည့် ပဲခူးမြို့ဘုရားစုံဖူးခရီးစဉ်နှင့် မိုးယွင်းကြီးအင်းတွင် ငှက်မျိုးစုံကြည့်ရှုလေ့လာရေးခရီးစဉ်များလည်း သွားရောက်နိုင်မည်ဖြစ်သည်။

မြန်မာပြည်အနှံ့ခရီးစဉ်များအား အစုအဖွဲ့လိုက်အတွက် သွားရောက်လိုသူများ၏ဆန္ဒနှင့်အညီ ညှိနှိုင်းပို့ဆောင်ပေးနေပြီး အသေးစိတ်သိလိုပါက မြန်မာ့ခရီးသွားလုပ်ငန်းဌာန အမှတ် ၇၇/၉၁ ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း–၂၅၂၈၅၉၊ ၃၈၇၀၀၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် ဈေးကုန်းအနောက်ရပ်ကွက် သီရိလမ်း အမှတ် ၈နေ ဦးမြင့်–ဒေါ်စန်းတင်မိသားစုတို့က အလှူငွေ ကျပ်တစ်သိန်းကို အင်းစိန်မြို့နယ် ကွက်သစ် မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြသင်း၊ ဘဏ္ဍာရေးမှူး ဦးမြင့်ရှိန်၊ အမှုဆောင် ဦးသန်းဌေးတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။

(က–ပ)

နွေရာသီပဋ္ဌာန်း ညဝါသင်တန်း

ရန်ကုန် မေ ၁၀

မဟာဝိသုတာရာမ ဈေးကုန်း ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇသိရီပဝရ ဓမ္မာစရိယ မဟာဝိနာယက ဘဒ္ဒန္တကဝိသာရ ဆရာတော်ကြီးကိုယ်တိုင် သုံးကြိမ်မြောက် နွေရာသီပဋ္ဌာန်းညဝါသင်တန်းကို မေ ၂၀ရက်မှ ဇွန် ၂၀ ရက် အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ မည်သူမဆို ဖုန်း ၀၆၇–၂၂၀၂၄၊ ၂၂၈၉၀၊ ၂၂၁၉၄တို့သို့ ဆက်သွယ်စုံစမ်းတက်ရောက်နိုင်ကြောင်း သိရသည်။

(၁၀၁)

တရုတ်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လောင်စာ ဈေးနှုန်းမြင့်တက်မှုကြောင့် တရုတ်လေကြောင်းလိုင်းများ ဝင်ငွေကျဆင်း

ပေကျင်း မေ ၁၀

ရှန်ဟိုင်းမြို့ရှိ တရုတ်အရှေ့ပိုင်းလေကြောင်းလိုင်းများသည် ယခုနှစ်၏ ပထမသုံးလတွင် လောင်စာဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့် ဝင်ငွေကျဆင်းကာ အမေရိကန်ဒေါ်လာ ၁၁၈သန်း ဆုံးရှုံးနစ်နာရကြောင်း သိရသည်။

ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်ခြင်းနှင့် ပြည်တွင်းဈေးကွက်တွင် ယှဉ်ပြိုင်နေခြင်း၏ အကျိုးရလဒ်ကြောင့် ဒုတိယ သုံးလတွင်လည်း ယင်းလေကြောင်းလိုင်းများ၏ အကျိုးအမြတ်သည် ဆက်လက်၍ ကျဆင်းနေမည်ဖြစ်ကြောင်း ဟာရေး စီးပွားရေး စာစောင်တွင် ခန့်မှန်းထားသည်။

ခန့်မှန်းထား

ပထမသုံးလတွင် တရုတ်တောင်ပိုင်းလေကြောင်းလိုင်းများလည်း ယွမ် ၆၆၅ သန်းအထိ နစ်နာဆုံးရှုံးခဲ့ရသည်။ ယင်းအခြေအနေသည် ဧပြီမှ ဇွန်အထိ ဖြစ်နေနိုင်သေးကြောင်း ခန့်မှန်းထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ခြင်္သေ့နှင့် ကျားမျိုးစပ်ညီနောင် တရုတ်ဟိုင်နန်ကျွန်း၌ မွေးနေ့ပွဲကျင်းပ

ဟိုင်ကိုယူ မေ ၁၀

တရုတ်နိုင်ငံ မြောက်ပိုင်းစွန်းရှိ ဟိုင်နန်ကျွန်းတွင် ရှားပါးသည့် ခြင်္သေ့နှင့်ကျား မျိုးစပ်ညီနောင်တို့၏ ပထမဆုံးမွေးနေ့ပွဲကို ကျင်းပခဲ့ရာ ယင်းညီနောင်တို့မှာ နာမည်ကြီးသွားခဲ့ကြောင်း ဆင်ဟွာက ဖော်ပြသည်။

ထောင်ပေါင်းများစွာသော ခရီးသွားဧည့်သည်များသည် မေ၇ရက်က ကုန်ဆုံးခဲ့သည့်မေလ အလုပ်သမားနေ့ရက်ရှည်ကြာ အားလပ်ရက်အတွင်း ဟိုင်နန်အပူပိုင်း တောရိုင်းတိရစ္ဆာန်ဥယျာဉ်ရှိခြင်္သေ့နှင့်ကျားမျိုးစပ်ညီနောင်ကိုကြည့်ရန် လာရောက်ခဲ့ကြသည်။

မေ၂ရက်က ကျရောက်သည့် အဆိုပါ ခြင်္သေ့နှင့်ကျားညီနောင်တို့၏ မွေးနေ့ပွဲတွင် လူ၁၀၀၀၀ခန့်သည် ၎င်းတို့အား သန့်စွမ်း ကျန်းမာစေကြောင်း စာတန်းနီများ ရေးထိုးကြကြောင်း၊ တိရစ္ဆာန်ရုံ ဝန်ထမ်းများကလည်း အသားနှင့်ဥများဖြင့် အထူး မွေးနေ့ကိတ်ကို ပြုလုပ်ပေးကြောင်း ဟိုင်နန်ဒေးလီးသတင်းစာက ဖော်ပြသည်။

ကျားနှင့်ခြင်္သေ့ မျိုးစပ်ညီနောင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အဆိုပါ ခြင်္သေ့နှင့်ကျားမျိုးစပ်ညီနောင်ကို ၂၀၀၅ခုနှစ် မေလ ၂ရက်တွင် မွေးဖွားခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ အမည်မှာ ပင်ပင်နှင့် အင်အင်ဖြစ်သည်။ ၎င်းတို့၏မိခင်မှာ ဟူအင်ဟုခေါ်ပြီး ခြောက်နှစ်အရွယ်ရှိ ကျားမတစ်ကောင်ဖြစ်ကာ ဖခင်မှာလေးနှစ်အရွယ်ရှိ ခြင်္သေ့တစ်ကောင် ဖြစ်ပြီး ၎င်း၏အမည်မှာ ဆင်ယိုအာဟိုင်းဖြစ်သည်။

၎င်းတို့သည် ၂၀၀၄ခုနှစ်က မျိုးစပ် ကလေးတစ်ကောင် မွေးခဲ့ဖူးသော်လည်း ၇၂နာရီသာခံကာ သေဆုံးသွားခဲ့သည်။ကမ္ဘာပေါ်တွင် ခြင်္သေ့နှင့်ကျားမျိုးစပ် ကောင်ရေ ခြောက်ကောင်မှ ရှစ်ကောင်မျှသာရှိကြောင်း သတ္တဗေဒပညာရှင်များက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဇမ်ဘီယာ၌ စွမ်းအင်ဖြန့်ဖြူးမှုအတွက် အခြေခံအဆောက်အအုံများ လိုအပ်နေ

လူဆာကာ မေ ၁၀

ဇမ်ဘီယာနိုင်ငံ၌ စွမ်းအင်လိုအပ်ချက် မြင့်မားနေချိန်တွင် စွမ်းအင်ကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် လိုအပ်ကြောင်း ဇမ်ဘီယာနိုင်ငံ စွမ်းအင်နှင့်ရေအရင်းအမြစ်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဝန်ကြီး မူတာတီက မေ ၈ရက်၌ ပြောကြားသည်။

လူဆာကာမြို့တွင် ကျင်းပသည့် ရေအားလျှပ်စစ်နှင့် ဓာတ်အားထပ်ဆင့်ဖြန့်ဖြူးပေးရေး ရင်းနှီးမြှုပ်နှံမှုအစည်းအဝေးတွင် မူတာတီက နိုင်ငံ၏ ဒေသအများအပြားတွင် စွမ်းအင်ဖြန့်ဖြူးမှုအတွက် အခြေခံအဆောက်အအုံအများအပြား လိုအပ်လျက်ရှိကြောင်း ထည့်သွင်းပြောကြားလိုက်သည်။

ဒေသတွင်းရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကုမ္ပဏီ (ဇက်အီးအက်စ်စီအို) သည် ဇမ်ဘီယာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို ယခုတိုင်အောင် နှောင့်နှေးစေသော လျှပ်စစ်စွမ်းအားလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် လုပ်ဆောင်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

နှစ်သန်း ၄၀၀ခန့်က ငါးကျောက်ဖြစ်ရုပ်ကြွင်းများ ယူနန်ပြည်နယ်၌ ရှာဖွေတွေ့ရှိ

ပေကျင်း မေ ၁၀

တရုတ်သုတေသနပညာရှင်အဖွဲ့တစ်ဖွဲ့က လွန်ခဲ့သော နှစ်သန်းပေါင်း ၄၀၀ခန့်က ငါးမျိုးစိတ်သစ်ကျောက်ဖြစ် ရုပ်ကြွင်းလေးခုကို တွေ့ရှိခဲ့ရာ ငါး၏ဆင့်ကဲဖြစ်စဉ် သဲလွန်စများကိုလေ့လာရာ၌ အထောက်အကူပေးဖွယ်ရှိကြောင်း ဆင်ဟွာက ဖော်ပြသည်။

ယခုတွေ့ရှိသော ကျောက်ဖြစ် ရုပ်ကြွင်းမျိုးစိတ်များသည် ခေတ်သစ် ကမ္ဘာတွင် လွှမ်းမိုးထားသော ကျောရိုးရှိ သတ္တဝါနှစ်ခုအကြား ဆက်စပ်ပေးသည့် တံတားပင်ဖြစ်ကြောင်း တရုတ်သိပ္ပံအကယ်ဒမီမှ ထိပ်တန်းသိပ္ပံပညာရှင် ဒေါက်တာဂူမင်းက ပြောကြားသည်။

ခေတ်သစ်ငါးမျိုးစိတ်

ယင်းတွေ့ရှိချက်ကို ဂူနှင့် အပေါင်းသင်းများက ဗြိတိသျှနေးချား ဂျာနယ်နောက်ဆုံးထုတ်တွင် ဖော်ပြသည်။ အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၌တွေ့ရှိခဲ့ပြီး ကျောရိုးဆူးတောင်ပါ ငါးများဖြစ်ကြောင်း၊ ခေတ်သစ်ငါးမျိုးစိတ်များလည်း ပါဝင်ကြောင်း ဒေါက်တာဂူက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထိမ်းအမှတ်အဖြစ် ကြီးမားသော ဘောလုံးကန် ဖိနပ်ရုပ်တု ပြုလုပ်နေသည်ကို မေ ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်တွင် ရင်းနှီးမြှုပ်နှံကြရန် လုပ်ငန်းရှင်များအား ကာဇိုင်း တိုက်တွန်း

ကာဘူးလ် မေ ၁၀

အာဖဂန်နစ္စတန်သမ္မတ ကာဇိုင်းသည် နိုင်ငံတွင်းနှင့်နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များအား ၎င်း၏ နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရန် မေ ၉ရက်က တိုက်တွန်းလိုက်သည်။

ငွေကြေးမြောက်မြားစွာဖြင့် မိမိနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူများကို မြင်ရခြင်းကြောင့် ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံတွင် ကျင်းပသည့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု ညီလာခံနှင့် ပြပွဲ၏ဖွင့်ပွဲအခမ်းအနားတွင် ကာဇိုင်းက ပြောကြားသည်။

မိမိနိုင်ငံသည် စိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ ခရီးသွားလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်းနှင့် သစ်သီးထွက်ကုန်များ အပါအဝင် အခြားသော ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုကြောင်း ၎င်းက ပြောကြားသည်။

အာဖဂန်သည် ဆင်းရဲတွင်းမှ ရုန်းထွက်နိုင်ရန်လိုအပ်ပြီး ချမ်းသာကြွယ်ဝခြင်းဆီသို့ လျှောက်လှမ်းရန် လိုအပ်ကြောင်း ၎င်းက ညွှန်ပြပြောဆိုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပွားစဉ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို မေ ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

ဆိပ်ကမ်းဇုန်သစ်နှစ်ခု တရုတ်၌တည်ဆောက်မည်

ပေကျင်း မေ ၁၀

တရုတ်နိုင်ငံသည် ရှန်ဟိုင်း၊ ရှန်ကျန်နှင့်တီယန်ရှင်း ဝန်းကျင်၌ထွက် ပေါက်များအဖြစ် ဆိပ်ကမ်းသစ်နှစ်ခု ထပ်မံ တိုးတက်တည်ဆောက်ရန် စီမံကိန်း ချမှတ်ထားကြောင်း ဆက်သွယ်ရေး ဝန်ကြီးဌာနက ကြေညာသည်။

ဖော်ပြ

အဆိုပါ ဆိပ်ကမ်းဇုန်နှစ်ခုမှာ တောင်ပိုင်းဖူကျန်နှင့် ဟိုင်နန်ရှိ ထိုင်ဝမ်ရေလက်ကြားနှင့် တောင်ပိုင်းဂွမ်ဒေါင်း၏ ပြည်မကြီးဘက်တွင် တည်ရှိကြောင်း ဆက်သွယ်ရေးဝန်ကြီး လီရှန်လင်၏ ပြောကြားချက်ကို ကိုးကား၍ ချိုင်းနားဒေးလီးက ဖော်ပြသည်။

တောင်ဘက်ပိုင်း ဆိပ်ကမ်းဇုန်ကို ဖူကျို့၊ ကွမ်ကျို့၊ ပူတီယံနှင့် ကျန်ကျို့တို့က ဖူကျန်ပြည်နယ်၏ စီးပွားရေးအချက်အချာဖြစ်သော စီမင်းနှင့်ဆက်ကာ တည်ဆောက်သွားမည်ဖြစ်သည်။ ကျန်ကျို့သည်တရုတ်နိုင်ငံအတွက် ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့နှင့် အခြား အဓိကကုန်သေတ္တာများ တင်သွင်းရန်အဖြစ် အသုံးပြုသွားမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**



မလေးရှားနိုင်ငံ၏ ပြည်ပပို့ကုန်များ တင်ဆောင်ထားသော ကုန်တင်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မလေးရှားနိုင်ငံ၏ ကုန်သွယ်မှုပမာဏ ယခုနှစ်သုံးလတွင် ၁၂ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့

ကွာလာလမ်ပူ မေ ၁၀

မလေးရှားနိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ယခုနှစ်၏ပထမသုံးလတွင် အမေရိကန်ဒေါ်လာ ၆၆ဒသမ ၉၃ ဘီလီယံအထိရှိခဲ့ကြောင်း၊ ယခုနှစ်သုံးလတွင် ၁၂ဒသမ ၅ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း နိုင်ငံတကာကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနက မေ ၈ ရက်၌ ထုတ်ပြန်ခဲ့သည်။

မြှင့်တင်

နိုင်ငံ၏ ပြည်ပပို့ကုန်များ ဆက်လက် မြင့်တက်လာမှုသည် ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာရန် အဓိက မြှင့်တင်ပေးခဲ့သည်။ ပြည်ပပို့ကုန်များမှ ရရှိသောဝင်ငွေသည် အမေရိကန်ဒေါ်လာ ၃၆ဒသမ ၉၅ ဘီလီယံအထိ တိုးမြင့်ခဲ့သည်။ ပြီးခဲ့သောနှစ်၏ ပထမသုံးလထက် ၁၁ ဒသမ ၅ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သတင်းစာ ရှင်းလင်းပွဲတွင် ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

တင်ပို့

ယခုနှစ်၏ ပထမသုံးလတွင် မလေးရှားနိုင်ငံ၏ အဓိကပြည်ပ ပို့ကုန်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အမေရိကန်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။

အဓိက ပြည်ပပို့ကုန်များမှာ လျှပ်စစ်ပစ္စည်းများ၊ သဘာဝဓာတ်ငွေ့၊ ဓာတုဗေဒပစ္စည်းများ၊ စားအုန်းဆီနှင့် သန့်စင်ပြီး ရေနံစိမ်း၊ ရေနံထွက်ကုန်များဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာ့သွေးလှူရှင်များနေ့ ဗန်ကောက်၌ ကျင်းပမည်

ဗန်ကောက် မေ ၁၀

ထိုင်းနိုင်ငံတွင် သွေးလှူရှင်များကို ကျေးဇူးတင် အသိအမှတ်ပြုရန်နှင့် ဘုရင်၏နန်းတက်သည့် နှစ်(၆၀)ပြည့် အခမ်းအနားကျင်းပရန်အတွက် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဇွန်လ ၂၄ ရက်၌ စတင်ကျင်းပမည်ဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

အဆိုပါ အခမ်းအနားဖွင့်ပွဲကို ဇွန်လ ၁၄ ရက်တွင် လမ်ပီနီဥယျာဉ်နှင့် ဗန်ကောက်ရှိ အမျိုးသား ဗဟိုသွေးလှူဌာန၌ ဖွင့်လှစ်မည်ဖြစ်သည်။

ကမ္ဘာ့သွေးလှူရှင်များနေ့ကို အေ၊ဘီ၊ အို သွေးအုပ်စု ဖော်ထုတ်တွေ့ရှိခဲ့သော ဒေါက်တာကာလ်လင်စတီယာနာ၏ နှစ်ပတ်လည်မွေးနေ့ အထိမ်းအမှတ်အဖြစ် ၂၀၀၄ ခုနှစ်က တောင် အာဖရိက၌ ကနဦးစတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံတွင် သွေးလှူဒါန်းသူများ၏ ၉၅ရာခိုင်နှုန်းမှာ စေတနာရှင်များဖြစ်ကြပြီး လက်ရှိတွင် တစ်နှစ်လျှင် သွေးလှူဒါန်းရာဌာန ၁ ဒသမ ၂သန်း အသစ်ဖွင့်လှစ်ခြင်း သို့မဟုတ် စုစုပေါင်း လူဦးရေ၏ ရာခိုင်နှုန်း ဖွင့်လှစ်ခဲ့သည်။

၎င်းပြင် စေတနာရှင် သွေးလှူဒါန်းကြသူများအနက် ၆၅ရာခိုင်နှုန်းသည် နှစ်စဉ် တစ်ကြိမ်ကျ လှူဒါန်းခဲ့ကြသည်။ ကျန်းမာရေးကောင်းမွန်သူဖြစ်ပါက တစ်နှစ်လျှင် လေးကြိမ် လှူဒါန်းနိုင်သည်။

ဇွန်လ ၁၄ရက်တွင် ကျင်းပမည့် ဖွင့်ပွဲအခမ်းအနားနှင့် မြင်ကွင်းများကို အင်တာနက်မှတစ်ဆင့် တိုက်ရိုက်ပြသမည်ဖြစ်သည်။ ယင်းအခမ်းအနားသို့ အဆင့်မြင့်အရာရှိ များနှင့် ထိုင်းကြက်ခြေနီအဖွဲ့၊ ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစည်းနှင့် အခြားနိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဆင်နှင့်လေ့ကျင့်နေသော ဂိုးသမား

ဆင်တစ်ကောင်နှင့် ဂိုးဖမ်းလေ့ကျင့်နေသူတစ်ဦးကို တွေ့ရစဉ်။ (အောက်ပုံ)

ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ တိရစ္ဆာန်ဥယျာဉ်၌ ဂျာမနီပထမတန်း ဘောလုံးအသင်းဖြစ်သည့် ဟန်နိုဗာ ၉၆ အသင်းမှ ဂိုးသမား ရောဘတ်အင်ကီသည် ဂိုးဖမ်းလေ့ကျင့်သည့်အနေဖြင့် ၎င်းတိရစ္ဆာန်ရုံမှ ဆင်တစ်ကောင်နှင့်အတူ ဘောလုံးကစားပြီး ဂိုးဖမ်းလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

ဘတ်စ်ကားပေါ်တွင် မင်္ဂလာပွဲကျင်းပ

ဘတ်စ်ကားတစ်စီးပေါ်တွင် မင်္ဂလာဆွေ့ခံပွဲကျင်းပနေသော မင်္ဂလာမောင်နှံအား တွေ့ရစဉ်။ (အပေါ်ပုံ)

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စီပြည်နယ် နန်ကျင်းမြို့တွင် မင်္ဂလာမောင်နှံများ နှစ်ထပ်ဘတ်စ်ကားတစ်စီးကို ငှားရမ်းပြီး ၎င်းတို့၏ မင်္ဂလာဆွေ့ခံပွဲအခမ်းအနားများကို ကျင်းပခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံတွင် မင်္ဂလာမောင်နှံများသည် ၎င်းတို့၏ မင်္ဂလာလက်ထပ်ပွဲများကို အသစ်အဆန်းများဖြင့်ပြုလုပ်လာလျက် ရှိသည်။

(အင်တာနက်)

လော့အိန်ဂျလိစ်တွင် မြို့လုံးကျွတ် သန့်ရှင်းရေးပြုလုပ်

လော့အိန်ဂျလိစ် မေ ၁၀

အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မြို့တွင် မေ ၇ရက်က လူ ၂၅၀၀၀ကျော်လောက်ရှိမည်ဟု ခန့်မှန်းရသော လူပေါင်းများစွာသည် နှစ်ပတ်လည် သန့်ရှင်းရေးနှင့် လုပ်အားပေးနေ့၌ မြို့လုံးကျွတ် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း ဆင်ဟွာက ဖော်ပြသည်။

ယင်းနေ့သည် တစ်မြို့လုံးရှိ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီများ အချင်းချင်းရင်းနှီးခင်မင်စေမှုရရှိရန် အခွင့်အလမ်းပွင့်လာစေကြောင်း ဒုတိယမြို့တော်ဝန် လာရီဖရင့်က ပြောကြားသည်။

ကြိုးပမ်း

၎င်းအပြင် ယင်းအစီအစဉ်သည် တစ်မြို့လုံးလှုပ်ရှားသွားစေရန် လူအများ၏စုပေါင်းကြိုးပမ်းမှုတစ်ရပ်လည်း ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဆောင်ရွက်

ယင်းနေ့တွင် တစ်မြို့လုံးရှိ ဟောင်းနွမ်းနေသော ပုံများကို ရွှေ့ပြောင်းခြင်း၊ ဆေးသုတ်ခြင်း၊ အမှိုက်များ ကောက်ခြင်း၊ သစ်ပင်များ စိုက်ပျိုးခြင်း၊ ကျောင်းများ၊ အထက်လူကြီးများ၏ အိမ်များကို ဆေးသုတ်ခြင်း၊ အိမ်မဲ့ရာမဲ့သမားများနှင့် ကိုယ်ဝန်ဆောင်များအတွက် ပစ္စည်းကိရိယာများ ပြင်ဆင်ပေးခြင်း စသည့် လုပ်ငန်းဆောင်တာ ၂၅၀ခန့်ကို ဆောင်ရွက်ခဲ့ကြသည်။

ဖော်ပြ

လူသားများ ကြင်နာသည့်နေ့ဟု အမည်ရသည့် အဆိုပါနေ့ကို ၁၉၉၉ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ တိုယိုတာ၊ ဒစ္စနေ၊ ပါရာမောင့် ရုပ်ရှင်စသည့် ကုမ္ပဏီနှင့် အဖွဲ့အစည်းများကပါ အမေရိကန်ဒေါ်လာ ၆၅၀၀၀၀ထည့်ဝင်ကာ ကမကထပြု ဆောင်ရွက်လာသည်အထိ အံ့နှင့်ကျင်းနှင့်ဖြစ်လာပြီဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

ဘယ်လ်ဂျီယံနိုင်ငံ၌ ဆေးလိပ်သောက်ခြင်းကြောင့် ပြစ်ဒဏ်ချမှတ်ခံရ

ဘရပ်ဆဲလ် မေ ၁၀

ဘယ်လ်ဂျီယံနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အစိုးရရုံးအဆောက်အအုံ၌ ဆေးလိပ်သောက်သူတစ်ဦးအား ဖမ်းဆီးအရေးယူခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက မေ ၉ရက်၌ ဖော်ပြသည်။

ငြင်းဆို

တရားခံသည် အနောက်မြောက်ပိုင်း ဂျင်းမြို့ရှိ ရုံးအဆောက်အအုံတွင် ဆေးလိပ်သောက်သုံးခဲ့ခြင်း ဖြစ်သည်။ ၎င်းအား ဆေးလိပ်မသောက်ရန် ပြောဆိုသောအခါ ပြန်လည် ရန်မူခဲ့ပြီး စီးကရက်အား မီးငြိမ်းသတ်ရန် ငြင်းဆိုခဲ့သည်။

အကြံပြု

ထိုသို့ ငြင်းဆိုခဲ့သောကြောင့် ၎င်းအား တရားစွဲဆိုလိုက်ခြင်း ဖြစ်သည်။ တရားရုံးမှ ၎င်းတရားခံအား အမေရိကန်ဒေါ်လာ ၁၈၂ ဒဏ်ရိုက်လိုက်ပြီး ဆေးလိပ်ဖြတ်ရန် အကြံပြုခဲ့သည်။

ဘယ်လ်ဂျီယံနိုင်ငံတွင် အစိုးရရုံးအဆောက်အအုံများတွင် ဆေးလိပ်သောက်သုံးလျှင် ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၂၀၉၆ ဒေါ်လာ နှင့် ထောင်ဒဏ် နှစ်နှစ် ကျခံရန် သတ်မှတ်ထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

သန်လျင်မြို့နယ်၏ ခြံစည်းရိုးကြက်ဆူပင် ဧက ၃၇၅၀တွင် သုံးနှစ်အပြီးစိုက်မည်

ရန်ကုန် မေ ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ၂၀၀၆-၂၀၀၇ခုနှစ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲနှင့် စပါးတစ်မိုးနှစ်သီးစိုက်ဧက ပြည့်မီရေး ညှိနှိုင်းဆွေးနွေးပွဲကို မေ ၉ရက်က သီဟဒီပအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဌေးနှင့် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးဇော်ဝိတ်တို့က အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ **(အပေါ်ပုံ)** ဦးကျော်ကျော်က ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးနည်းစနစ်များ အသုံးဝင်ပုံ၊ ကြက်ဆူဆီထုတ်လုပ်နည်း၊ကြိတ်ဖတ်အား သဘာဝမြေဩဇာ သုံးစွဲနိုင်မှု၊ ကြက်ဆူပင်စိုက်ပျိုးပြီး အသီးထွက်နှုန်း ကောင်းစေရန် ကိုင်းဖြတ်နည်းစနစ်များနှင့်စပါးတစ်မိုးနှစ်သီးစိုက်ပျိုးနိုင်ရေး၊ စပါးမျိုးအလိုက်၊ လအလိုက် စိုက်ပျိုးရမည့်နည်းစနစ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

သန်လျင်မြို့နယ်အနေဖြင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးလုပ်ငန်းများကို ဧက ၃၇၅၀တွင် သုံးနှစ်အပြီး စိုက်ပျိုးသွားရန် စီမံချက်ချဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း နှစ်(၁၀၀)ပြည့်ပွဲတော် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၁၀

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (Y.M.B.A) နှစ်(၁၀၀)ပြည့်ပွဲတော်၏ အသက်(၇၅)နှစ်နှင့် အထက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ် ၇၇ ရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အဆောက်အအုံ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေ ဘုံစံကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တပညိန္ဒာ ဘိဝံသအမှူးပြုသော နိုင်ငံတော်သံဃမဟာ နာယကဆရာတော်များ၊ ပြည်နယ်နှင့် တိုင်းများမှ မင်္ဂလာ စာသင်ဆရာတော်များ ကြွရောက်တော်မူကြပြီး ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်း (ºY.M.B.Aº)နှစ်(၁၀၀)ပြည့်ပွဲတော် ကျင်းပရေး နာယကအဖွဲ့ဝင်များ၊ နှစ်(၁၀၀) ပြည့်ပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ ဦးဗိုလ်နီနှင့် အလုပ်အမှုဆောင်များ၊ အလှူရှင်များ၊ အသက် (၇၅)နှစ်နှင့် အထက် အကန်တော့ခံ ဝိုင်အမ်ဘီအေ အသင်းဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေဘုံစံကျောင်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ မဟာအောင်မြေဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ နှင့် နိုင်ငံတော်သံဃ မဟာနာယက အဖွဲ့ဝင် ဆရာတော်များ၊ ပြည်နယ်နှင့် တိုင်းများမှ မင်္ဂလာ စာသင် ဆရာတော်များက အနတ္တ ရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

ရေစက်ချတရားနာယူ

ဆက်လက်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ ဦးဗိုလ်နီက ဝိုင်အမ်ဘီအေ နှစ်(၁၀၀) ပြည့်ပွဲတော် ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထား တင်ပြပြီး မြန်အောင်မြို့ မြို့ရွှေကျောင်း ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညဝံသထံမှ ပရိသတ်တို့က ရေစက်ချတရား နာယူကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။

ထို့နောက် သက်ကြီးပူဇော်ပွဲကို ကျင်းပရာ ဝိုင်အမ်ဘီအေ အသင်းဥက္ကဋ္ဌ ဦးဗိုလ်နီနှင့် အသင်း နာယက ဦးခင်မောင်ထွေး(ခင်မောင်ထွေး-ဆိပ်ကမ်း)တို့က ဝိုင်အမ်ဘီအေ အသင်းနှစ် (၁၀၀) ပြည့် ပွဲတော်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အလှူငွေနှင့်ပစ္စည်းများပေးအပ်

ဆက်လက်၍ အသက် (၇၅)နှစ်နှင့်အထက် (ဝိုင်အမ်ဘီအေ) ရာသက်ပန်အသင်းဝင် သက်ကြီး ၂၂၄ ဦးတို့အား ပရိသတ်တို့က ကန်တော့ကြိုးဖြင့် ကန်တော့ကြပြီး ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် အဖွဲ့ဝင်များ၊ ဝိုင်အမ်ဘီအေအသင်း ဥက္ကဋ္ဌ ဦးဗိုလ်နီ နှင့် အလုပ်အမှုဆောင်များက အလှူငွေနှင့် ပစ္စည်းများကို ဂါရဝပြု ပေးအပ်ကြသည်။

ထို့နောက် အကန်တော့ခံ သက်ကြီးများ ကိုယ်စား မဟာသဒ္ဓမ္မဇောတိကဓဇ ဦးအေးနိုင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

ထို့အပြင် ပြည်နယ်နှင့် တိုင်းများမှ မင်္ဂလာ စာသင်ဆရာတော် ၁၀၇ပါးတို့အား ဝိုင်အမ်ဘီအေအသင်း နှစ်(၁၀၀) ပြည့်ပွဲတော် ကျင်းပရေး လုပ်ငန်းကော်မတီက ကြီးမှူး၍ ဝိုင်အမ်ဘီအေအသင်း အဆောက်အအုံ၌ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

(သတင်းစဉ်)

သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းပါ

၁။ ကိုယ်အလေးချိန်ပုံမှန်ဖြစ်ရန်ထိန်းသိမ်း၍ အဝမလွန်အောင် နေထိုင်စားသောက်ပါ။
၂။ ပုံမှန်ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ။ နေ့စဉ် နာရီဝက်၊ တစ်နာရီခန့် ခပ်သွက်သွက် လမ်းလျှောက်ခြင်းကဲ့သို့သော ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ။
၃။ ဟင်းသီးဟင်းရွက်၊ အသီးအနှံ များများစားသုံးပါ။
၄။ စိတ်ဖိစီးမှုနည်းပါးအောင် နေထိုင်ပါ။
၅။ အငန်ဓာတ်ပါသော ငါးပိ၊ ငါးခြောက်၊ ဟင်းချိုမှုန့် စသည့် အစားအစာများကို ရှောင်ကြဉ်ပါ။
၆။ အဆီကို လွန်ကဲစွာစားသုံးခြင်းမှ ရှောင်ကြဉ်ပါ။
၇။ အရက်ကို အလွန်အကျွံသောက်သုံးခြင်းမှ ရှောင်ကြဉ်ပါ။
၈။ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ပါ။
၉။ သွေးတိုးရောဂါရှိပါက သွေးပေါင်မှန်မှန်ချိန်၍ စနစ်တကျ ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကမ္ဘာ့သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့

၂၀၀၆ ခုနှစ်၊ မေလ ၁၃ ရက်

တိုကျိုမြို့အနီးမှ ဆိုလာဆဲလ်အသုံးပြုသည့် အိမ်များ

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

တိုကျိုမြို့အနီး ဆိုင်တာမာစီရင်စု ယိုရှီဘောဝါမြို့လေးရှိ နေအိမ်ခေါင်မိုးများပေါ်တွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများကိုတပ်ဆင်ကာ ကိုယ်ပိုင်လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနေကြသည်။

လျှပ်စစ်ဓာတ်အား စုစုပေါင်း ကီလိုဝပ်၂၀၀ဓာတ်အားကို ထုတ်လုပ်နိုင်ပြီး ဆိုလာပြားတပ် နေအိမ်များရောင်းချရမှုမှာလည်း တိုးတက်များပြားလာကြောင်း သိရသည်။

ထုတ်ယူ

နေ၏အလင်းတန်းများက ကမ္ဘာမြေသို့ ကျရောက်လာစဉ် အဆိုပါ ဆိုလာပြားမှ အပူစွမ်းအင်နှင့် အလင်းစွမ်းအင်ကို နည်းပညာအသုံးပြု၍ ထုတ်ယူသုံးစွဲလျက်ရှိကြောင်း သိရသည်။

အလင်းစွမ်းအင် အချို့ကို ဆီလီကွန်နှင့် ပြုလုပ်ထားသော ဆီမီးကွန်ဒတ်တာများကို အသုံးပြုခြင်းဖြင့် တိုက်ရိုက် လျှပ်စစ်ဓာတ်အားကို ပြောင်းလဲရယူနိုင်သည်ဟု ဆိုသည်။

အမေရိကန်ပြည်ထောင်စုရှိ Bell ဓာတ်ခွဲခန်းများတွင် ဆီလီကွန်ဆီမီးကွန်ဒတ်တာများကို အသုံးပြု၍ ဆိုလာဆဲလ်ကို ပထမဆုံး ထုတ်လုပ်ခဲ့သည်။

မြင့်မား

၁၉၇၀ ပြည့်လွန်နှစ်များက ဆိုလာဆဲလ် အသုံးပြုမှု ၁၅ ရာခိုင် နှုန်းအထိ မြင့်တက်လာကြောင်း၊ ယနေ့ခေတ်တွင် နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲမှုမှာ မြင့်မားတိုးတက်လာပြီဖြစ်သည်။

ပမာဏ

ဂျပန်နိုင်ငံသည် ကမ္ဘာ့ အကြီးဆုံး နေရောင်ခြည်စွမ်းအင်အသုံးပြုသည့် နိုင်ငံဖြစ်ကြောင်း၊ ပမာဏအားဖြင့် ကမ္ဘာ့ဆိုလာဆဲလ်ထုတ်လုပ်မှု၏ ကီလိုဝပ် ၅၂၀၀၀၀ ရှိကြောင်း သိရသည်။ ဂျပန်ကုမ္ပဏီများက နည်း ပညာသစ်များ အသုံးပြု၍ ဆိုလာဆဲလ်များ ထုတ်လုပ်လာလျက်ရှိသည်။

(ကိုးကား-အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် ကဆုန်လပြည့်နေ့

(ဥပုသ်နေ့)

၁၁-၅-၂၀၀၆ရက်(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(အဖွဲ့ဝင်)မကွေးတိုင်း၊ ငဖဲမြို့၊ ကန်လည်မင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသုမင်္ဂလဟောကြားတော်မူအပ်သော ကဆုန်လပြည့်(ဗုဒ္ဓနေ့)တရားတော်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် တရားတော်
၈း၁၅	၅။	သံသာချိုအေး မင်္ဂလာတေး
၈း၃၀	၆။	International News
၈း၄၅	၇။	Hill of Dhamma
၉း၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	ဓမ္မပူဇာတေးအစီအစဉ်
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၇း၀၀	၅။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇း၁၀	၆။	**"အဲ့ဒီမှာစတွေ့တာပဲ"** မင်းအုပ်စိုး၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၇း၁၅	၇။	နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၇း၃၀	၈။	ကဆုန်လပြည့်နေ့တေးများ
၁၇း၄၀	၉။	ကုသိုလ်ပန်းဝေ သွန်းညောင်ရေ
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖန်ပန်းလှလှ"** (အပိုင်း-၇)
၁၉း၃၀	၁၃။	သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ကဆုန်လပြည့်ဗုဒ္ဓနေ့တရားတော် (သံဝေဇနိယလေးဌာန) (ဖွား၊ ပွင့်၊ ဟော၊ စံ)
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ရှေ့နေ"**(အပိုင်း-၄)
	၁၈။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

မျက်စိလှူကြ မျက်ကြည်ရ မြတ်သည့်လှူဒါန ဆိုသည်နှင့်အညီ အဘိုးအဘွားများအား မျက်စိနှစ်ကွင်း အလင်းရအောင် စွမ်းဆောင်ပေးခဲ့

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ သက်ကြီးဘိုးဘွားများအား ခွဲစိတ်ကုသမှု ကုန်ကျစရိတ်ကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မျက်စိအထူးကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာအမ်ဂျာနော်ထံသို့ ပေးအပ်လှူဒါန်းစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

● ကျော်ဖုံးမှ

ရန်ကုန်အရှေ့ပိုင်းခရိုင်

ထိုသို့ အရေးကြီးသော မျက်စိနှင့် ပတ်သက်ပြီး ကြုံတွေ့ရသော မျက်စိကွယ်ခြင်း၊ မျက်စိမှုန်ခြင်း၊ တိမ်ဖြစ်ခြင်းစသော မျက်စိနှင့်ဆိုင်သော ဘေးဒုက္ခအဝဝကို ရန်ကုန်အရှေ့ပိုင်းခရိုင် မျက်စိအထူးကုဆေးရုံကြီးမှ ခွဲစိတ်ကုသ၊ စစ်ဆေးစမ်းသပ်ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ခွဲစိတ်ကုသ

မေ၁၀ရက် နံနက်ပိုင်းက အဆိုပါ ဆေးရုံကြီး၌ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့က ကြီးမှူးကျင်းပသော သက်ကြီးဘိုးဘွားများအား မျက်စိခွဲစိတ်ကုသပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ထောက်ပံ့ငွေနှင့် ပစ္စည်းပေးအပ်ခြင်းအခမ်းအနား ကျင်းပခဲ့သည်။

မျက်စိခွဲစိတ် ကုသပေးတဲ့ ဆရာဝန်ကြီးများ၊ သူနာပြုများ၊ အလှူရှင်များကို ကျေးဇူးတင်။ ဦးမောင်ညို (တာမွေမြို့နယ်) ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

ယခုကဲ့သို့ အဘိုးအဘွားများအား ကျန်းမာရေး ပြုစုစောင့်ရှောက်ရေး ဆောင်ရွက်ပေးနိုင်မှုမှာ အလွန်ကုသိုလ်ရသည့် လုပ်ငန်းကြီးဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျန်းမာရေး ကော်မတီကိုဖွဲ့စည်းစဉ် ပြည်သူအများ၏ ကြံ့ခိုင်ကျန်းမာရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်းဖြင့် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက အမှာစကားတွင်ထည့်သွင်းပြောကြားသည်။

လှူဒါန်းခဲ့

အဆိုပါ အခမ်းအနားတွင် မျက်စိဝေဒနာရှင် အဘိုး၊ အဘွားများအတွက် အလှူရှင် Mother Trading Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာဦးအောင်မြတ်က ငွေကျပ် ၁၀သိန်း၊ ကျော်သာကုမ္ပဏီမှ ဦးဝင်းလွင်- ဒေါ်မြတ်မြတ်မော်တို့က ငွေကျပ် ၁၀ သိန်းနှင့် ပရိဗိမင်၁၀၆ဘူး၊ နေကာနန်းတော်၊ ပါဝါနန်းတော်၊ နာရီနန်းတော်မှ ဦးဇော်နိုင်- ဒေါ်ခင်မာဆွေမိသားစုကကျပ်ငါးသိန်းတန်ဖိုးရှိ မျက်မှန် ၂၆လက်၊ မှန်ချိုဆေးတိုက်မှ ငွေကျပ်တစ်သိန်းနှင့် ဒေါ်ဆွေဆွေဦးက ငွေကျပ်တစ်သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ရန်ကုန် အရှေ့ပိုင်းခရိုင်ရှိ ၁၄ မြို့နယ်မှ မျက်စိဝေဒနာရှင် အဘိုး၊ အဘွား ၇၀တို့သည် ရန်ကုန်အရှေ့ပိုင်းခရိုင်မျက်စိအထူးကု ဆေးရုံကြီးသို့ လာရောက်၍ မျက်စိဝေဒနာကုသမှု ခံယူလျက်ရှိသည်။

အခမဲ့စမ်းသပ်လှူဒါန်း

ယင်းတို့အနက်မှ ၃၆ဦးမှာ ခွဲစိတ်ကုသရန်လိုအပ်၍ ခွဲစိတ်ကုသမှုပြုလုပ်ပေးလျက်ရှိကြောင်း၊ ၂၆ဦးမှာ မျက်မှန်တပ်ရန်လိုအပ်သူများဖြစ်၍ မျက်မှန်များ အခမဲ့စမ်းသပ်ပြုလုပ်ရန် လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အပြင် ရွှေသံလွင်ဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအားလည်း မျက်စိနှင့် အထွေထွေကျန်းမာရေး စစ်ဆေးပေးမှုများ ပြုလုပ်ပေးခြင်း၊ လိုအပ်သည့်ဆေးဝါးနှင့် ငွေကြေးတို့ကိုလည်း ထောက်ပံ့ပေးကြောင်း သိရသည်။

အဆိုပါ ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးအမ်ဂျာနော်က မြန်မာ့အလင်းသို့ ပြောကြားရာတွင် "ဆေးရုံသို့ရောက်လာသော မျက်စိဝေဒနာရှင်များအား တတ်နိုင်သူများအတွက် စရိတ်မျှပေးစနစ်ဖြင့် ကူညီစေပြီး မတတ်နိုင်သူများအတွက် အခမဲ့ကုသပေးသည့်အပြင် ထမင်းနှစ်နပ်ကျွေးမွေးကြောင်း၊ ၂၀၀၆ခုနှစ် ပထမလေးလတွင် ပြင်ပလူနာ၇၆၈၀၊ လူနာအဟောင်း ၆၁၈ဦး၊ အတွင်းလူနာ ၂၀၆၉ဦးအား မျက်စိနှင့် ဆိုင်သော ရောဂါများကို ကုသပေးခဲ့ကြောင်း၊ ယင်းဆေးရုံကြီးမှ မျက်စိစွေစောင်းဖြစ်သူ ၅၀၃ဦးကိုလည်း အောင်မြင်စွာ ကုသပေးခဲ့ကြောင်း၊ ယခင်က မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီး၏ ဖွဲ့စည်းပုံအရ လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာမှ ဧပြီလလယ်မှစ၍ သီးခြား မျက်စိအထူးကုဆေးရုံကြီး ဖွဲ့စည်းပုံအသစ်ဖြင့်လုပ်ငန်းများ စတင်လုပ်ဆောင်လျက်ရှိကြောင်း" ပြောကြားသည်။

အရောက်ပို့

အထက်ပါ မျက်စိဝေဒနာရှင် အဘိုးအဘွားများအား ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့မှ အဖွဲ့ဝင်များက ရန်ကုန်အရှေ့ပိုင်းခရိုင် ၁၄မြို့နယ်တွင် နေထိုင်ကြသော ဆင်းရဲနွမ်းပါး အဘိုးအဘွားများအား ရှာဖွေကာ ရန်ကုန်အရှေ့ပိုင်းခရိုင် မျက်စိအထူးကုဆေးရုံကြီးသို့အရောက် ပို့ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ၁၄မြို့နယ်မှာ တာမွေ၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ဒဂုံ(မြောက်)၊ဒဂုံ(တောင်)၊ သာကေတ၊ ဒေါပုံ၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ သင်္ဃန်းကျွန်းနှင့် ရန်ကင်းမြို့နယ်များဖြစ်သည်။

ထောက်ပံ့ပေးအပ်

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက မျက်စိဝေဒနာရှင် အဘိုးအဘွားများအား လိုက်လံအားပေးစကားပြောကြားပြီး လှူဒါန်းထောက်ပံ့ငွေများပေးအပ်ကြောင်း သိရသည်။

ယခုကဲ့သို့ ကုသပေးသည့်အတွက် အထူးပင် ဝမ်းသာပီတိဖြစ်မိပါကြောင်း၊ ကုသပေးသည့် ပုဂ္ဂိုလ်များအားလည်း အထူးပင်ကျေးဇူးတင်ရှိကြောင်း တာမွေမြို့နယ်မှ အသက် ၇၀ အရွယ်ရှိ အဘိုးဦးစံမြင့်က ပြောကြားသည်။

သက်ကြီးဘိုးဘွားများအား မျက်စိကုသပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို ဆရာဝန်ကြီးများက ဤသို့ကုသဆောင်ရွက်ပေးသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အလားတူ ဒဂုံတောင်မှ အဘိုးဦးမောင်ညိုကလည်း ယခုကဲ့သို့ အခမဲ့ မျက်စိခွဲစိတ်ကုသပေးသဖြင့် အလွန်ပင်ဝမ်းသာကြောင်း၊ ကုသပေးကြသည့်ဆရာဝန်၊ ဆရာမများအားလည်း အထူးကျေးဇူးတင်ကြောင်းပြောကြားသည်။

ဆုတောင်းပေး

ယင်းနောက် ပုဇွန်တောင်မြို့နယ်မှ အဘွား ဒေါ်ခင်ကြည်ကလည်း မျက်စိ အခမဲ့ကုသခွင့်ရ၍ အများကြီးကျေးဇူးတင်ကြောင်း၊ ကျန်းမာချမ်းသာကြပါစေလို့ဆုတောင်းပေးလိုကြောင်း ပြောကြားသည်။

မျက်စိအထူးကုဆေးရုံကြီးကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

သို့ဖြစ်၍ ရန်ကုန်တိုင်း မိခင်နှင့် ကလေးကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်ဆောင်ရွက်မှုကြောင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ၁၄ မြို့နယ်မှ ဆင်းရဲနွမ်းပါး အဘိုးအဘွားများ၏ မျက်စိနှစ်ကွင်း အလင်းတံခါးကို ဖွင့်ပေးနိုင်ခဲ့ပြီဖြစ်သည်။ **မျက်စိလှူကြ မျက်ကြည်ရ မြတ်သည့် လှူဒါန** ဆိုသော ဆောင်ပုဒ်အတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များကိုယ်တိုင် မျက်စိမလှူသေးသော်လည်း အဘိုးအဘွားများအား မျက်စိနှစ်ကွင်း အလင်းရအောင် စွမ်းဆောင်ပေးခဲ့သည့် အလှူသည် သောင်းစကြဝဠာက သာဓုခေါ်ဆိုလိမ့်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မျက်စိခွဲစိတ်ကုသမှုခံယူလျက်ရှိသော အဘွားဒေါ်ခင်ကြည် ပုဇွန်တောင်မြို့နယ်ကလည်း ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့်ဆရာဝန်ကြီးများကို အထူးကျေးဇူးတင်။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၅-၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ထေရဝါဒဓမ္မရတနာမြေ (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ရန်ကုန်)
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	ကမ္ဘာ့အမြင်၊ ကမ္ဘာ့စီးပွား (ဦးမျိုးမြတ်သူ၊ ဒေါက်တာခင်မောင်ညို)
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ပြည်တွင်းသတင်းအကျဉ်း
၈း၂၅	ထုထည်ကြီးမားထင်ရှားဇေကန်ဓမ္မရုံ
၈း၃၅	မိုးလေဝသခန့်မှန်းချက်
၈း၄၀	ရှေ့သို့ရည်မှန်း မြန်မာ့စက်မှုလုပ်ငန်း (ပြိုင်ကားထုတ်လုပ်မှု)
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	ရဟန်းတော်နှင့် ပိဋကစာရိကကျင့်ဝတ်
၉း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀	မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	အသိဉာဏ်ပေးစိတ်ငြိမ်းအေး (အရှင်ဆေကိန္ဒ) (ဟုတ်တာလုပ်ရင် ဟုတ်တာဖြစ်တယ်)
၁၀း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅	သူ့ဘဝ သူ့အနုပညာ (ရုပ်ရှင်တည်းဖြတ်ပညာရှင် ထပ်ဆင့်အကယ်ဒမီ ဦးမြင့်ခိုင်နှင့်တွေ့ဆုံခြင်း)
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅	ဆရာဦးမြင့်လွင် (သန့်-တည်-ပွား)ဟောပြောဆွေးနွေးသော အပါယ်ပိတ်တရား (အပိုင်း-၁) (ဓမ္မ၏ပင်ကိုသတ္တိ)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

✡ ရှေ့ဖုံးမှ

ရှေးဦးစွာ တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်ကြင်က စပါးမျိုး ငါးမျိုးယှဉ်၍ စမ်းသပ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့သည် စပေါင်းသမန်းနှီးခြင်းနှင့် မြေသြဇာကြဲပက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ၎င်းစိုက်ခင်းရှိ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်ကိုလည်းကောင်း၊ စိုက်ကွင်းကို မျှော်စင်ပေါ်မှတက်ရောက်၍ လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

စိုက်ပျိုးထား

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အနေဖြင့် ယခုနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင်ကို မြေ ၆၀၅၃၈၃ ဧကစိုက်ပျိုးရန် လျာထားခဲ့ရာ ယခုအခါ ၆၁၀၆၀၇ ဧက၌ စိုက်ပျိုးထားပြီးဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင် ဧက ၅၀ စုပေါင်းစိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ပုသိမ်ကြီးမြို့နယ် ၂၀၀၅-၂၀၀၆ ခုနှစ် နွေစပါးမျိုး ယှဉ်ပြိုင်စိုက်ခင်း၌ ဆင်းသွယ်လတ်၊ ရွှေမြန်မာ၊ ရွှေမနော်၊ အမ်အာရ်-၉(MR-9)နှင့် ရွှေသွယ်ရင် စပါးမျိုးတို့ကို စိုက်ပျိုးထားသည်။

အဆိုပါ နွေစပါးစံပြစိုက်ခင်း စုပေါင်းသမန်းနှီးပွဲနှင့် မြေသြဇာကြဲပက်ပွဲတွင် ဇီဝမြေသြဇာ၊ စွမ်းအားပြည့် ဓာတ်မြေသြဇာ၊ ဘိုင်အိုစူပါ(အော်ဂဲနစ်ကွန်ပေါင်းဓာတ်မြေသြဇာ)၊ ပိုးသတ်ဆေးများ၊ မှိုသတ်ဆေးများနှင့် ပေါင်းသတ်ဆေးများကို ခင်းကျင်းပြသထားရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု အားပေးကြသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် အဖွဲ့ဝင်များသည် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင် အမှတ်(၁) စိုက်ပျိုးမွေးမြူရေးခြံ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ကျင်းပသည့် ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ကြပြီး သတ်မှတ်နေရာအသီးသီး၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ယခုတတိယအကြိမ်အဖြစ် မေ ၁၂ ဧက၌ ခြံစည်းရိုးကြက်ဆူပင်၁၄၄၀၀ ကို စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် ၈၇ ဧက၌ စိုက်ပျိုးပြီး ခြံစည်းရိုးကြက်ဆူပင်ပေါင်း ၁၀၄၄၀၀ ရှိပြီ ဖြစ်သည်။

အောင်မြင်ဖြစ်ထွန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် မန္တလေးမြို့တော်ဝန်တို့သည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနက ပုသိမ်ကြီးမြို့နယ်၌ မြေ ၃၇ ဒသမ ၅၅ ဧကတွင် စိုက်ပျိုးထားသည့် နွေစပါးများ အောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မြေ ၄၀၉ ဧကရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၂) ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၌ ပဲတီစိမ်း၊ နွေစပါး၊ ငရုတ်၊ သဘော်၊ ခရမ်းချဉ်၊ ကျောက်ဖရုံ၊ ပန်းနှမ်း၊ သခွားမွှေး၊ သရက်၊ သံပရာ၊ ရှောက်နှင့် ဂန္ဓမာပန်း စသည့် သစ်သီးဝလံပန်းမန်များ စိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ စိန်တစ်လုံးသရက်ပင်ကြား၌ သီးညှပ်စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

တက်ရောက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်းကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါ စိုက်ပျိုးမွေးမြူရေးခြံ၌ ကျင်းပသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင် ဧက ၅၀ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးသက်ထွန်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို လိုက်လံ ကြည့်ရှုအားပေးကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ ၈၄ လမ်း၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၌ တည်ဆောက်လျက်ရှိသည့် မန္တလေးဈေးချိုပလာဇာ ခြောက်ထပ်နှင့် ၂၅ ထပ် ကွန်ဒိုမီနီယံတာဝါ တည်ဆောက်ရေးလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ မြန်မာ-မန္တလေး ကုမ္ပဏီဥက္ကဋ္ဌ ဦးသန်းဝင်းက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ပါဝင်

မန္တလေးဈေးချိုပလာဇာနှင့် ကွန်ဒိုမီနီယံတို့၌ ပထမထပ်မှ ဆဋ္ဌမထပ်အထိ ကားရပ်နားစခန်းပါရှိမည်ဖြစ်ပြီး ဓာတ်လှေကားရှစ်စင်း၊ စက်လှေကား ၁၂ စင်းတို့ ပါဝင်မည်ဖြစ်သည်။

ယခုအခါ ဈေးပလာဇာခြောက်ထပ်စလုံးပြီးစီး၍ အချောကိုင်လုပ်ငန်းများကို ဆောင်ရွက်နေပြီး ကွန်ဒိုမီနီယံတာဝါ ၂၅ ထပ်တွင် ငါးထပ်အထိ ရောက်ရှိဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာရပ်ကွက်တွင် တည်ဆောက်မည့် အမှတ် (၃၂) သဲအင်းဂူဝိပဿနာကျောင်းတိုက်အတွက် ဒုတိယအကြိမ် ငွေလှူဒါန်းပွဲနှင့် မြေသန့်မင်္ဂလာကျင်းပရာ အင်းစိန်မြို့နယ် စဥ့်ငူရပ်ကွက်နေ ကျားမင်းရေခဲစက်ပိုင်ရှင် ဒေါ်သန်းသန်းမိသားစုက ဒုတိယအကြိမ်အဖြစ် ငွေကျပ်သိန်း ၅၀ လှူဒါန်းစဉ်။ (က-ပ)

စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်အဆိုပြုချက် သဘောတူညီ

ရန်ကုန် မေ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာရောဘတ်ချူပြာဟိန်ကောင်းအား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာချူပြာသည် ၁၉၅၄ ခုနှစ် ဩဂုတ် ၅ ရက်က စင်ကာပူ၌ မွေးဖွားခဲ့သည်။ ၎င်းသည် လူမှုရေးသိပ္ပံဘွဲ့(ဂုဏ်ထူးတန်း)ကို နိုင်ငံရေးသိပ္ပံဘာသာရပ်ဖြင့် ထိုစဉ်ကတည်ရှိသည့် စင်ကာပူတက္ကသိုလ်မှရရှိခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ထမ်းအဖြစ် စတင်ဝင်ရောက်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ကို အမေရိကန်နိုင်ငံ ဘောစတွန်မြို့ရှိ တပ်ဖ်တက္ကသိုလ်၏ ဖလက်ချာသံတမန်ရေးရာနှင့် ဥပဒေသိပ္ပံကျောင်းမှ ရရှိခဲ့သည်။

မစ္စတာချူပြာသည် ၁၉၈၇ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဝါရှင်တန်မြို့ရှိ စင်ကာပူသံရုံး၌ ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၉၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ တိုကျိုမြို့ရှိ စင်ကာပူသံရုံး၌ သံမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ၎င်းသည် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ် ဦးစီးဌာနအများအပြားတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၎င်းသည် ၁၉၉၉ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ မနီလာမြို့၌ သံမှူးအဖြစ်လည်းကောင်း၊ ၂၀၀၁ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလအထိ ဟိုချီမင်းမြို့တော်နှင့် ဆန်ဖရန်စစ္စကိုမြို့တို့တွင် ကောင်စစ်ဝန်ချုပ်တာဝန်များကို လည်းကောင်း ဆက်တိုက်ထမ်းဆောင်ခဲ့သည်။ ယင်းနောက် ၎င်းသည် ၂၀၀၃ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလအထိ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာဦးစီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ယခုအခါ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာချူပြာသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်၍ သားသမီးနှစ်ဦးရှိသည်။ **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေးတားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက် ဖုံး၊ သွန်၊ လဲ၊ စစ်စနစ်ကျင့်သုံးရေး ပညာပေးသရုပ်ပြ

ရန်ကုန် မေ ၁၀

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်၌ ပြုလုပ်ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ သွားရောက် ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ရှင်းလင်းတင်ပြ

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တို့သည် နံနက် ၇ နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိရာ ရုံးခန်းမ၌ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများက စမ်းချောင်းမြို့နယ် ရပ်ကွက်(၁၈)ရပ်ကွက်အတွင်း ရပ်ကွက်တစ်ခုချင်းအလိုက်သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု၊ ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များအလိုက် ရောဂါဖြစ်ပွားမှု၊ ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်ဆက်မပြတ် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ စမ်းချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးအောင်နှင့် တာဝန်ရှိသူများက မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်းကာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ အပတ်စဉ် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်တို့က ဖြည့်စွက် ဆွေးနွေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် စမ်းချောင်းမြို့နယ် မြေနီကုန်း မြောက်ရပ်ကွက် မပိုလမ်း၊ သီရိမင်္ဂလာလမ်း၊ မြေနီကုန်းဈေးလမ်း၊ ရန်ကင်းလမ်းနှင့် မြေနုလမ်းတို့၌ မြို့နယ် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့တော်စည်ပင် ကျန်းမာရေးဌာန ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းကာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများဖြစ်သည့် ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ ထုံးဖြူးခြင်း၊ ဆေးဖျန်းခြင်း၊ နေအိမ်များအတွင်း ဆေးမှုတ်ခြင်း၊ ရေတွင်းရေကန်များအတွင်း လောက်လမ်းစား ငါးများထည့်သွင်းမွေးမြူပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်စနစ်ကျင့်သုံးရေး ပညာပေးသရုပ်ပြသခြင်း၊ မြေနုလမ်း အမှတ်(၁၉) ရပ်ကွက်၌ ရပ်ကွက်နေပြည်သူများအား ကျန်းမာရေးပညာပေး ဟောပြောနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူချစ်သော မီးသတ်တပ်ဖွဲ့ ဖြစ်အောင်ဆောင်ရွက် စွမ်းစွမ်းတမံငြိမ်းသတ်ခဲ့ကြသော မြိတ်မြို့တပ်ဖွဲ့ဝင်များအားဂုဏ်ပြု

ရန်ကုန် မေ ၁၀

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ၅ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း မြိတ်မြို့ ပုလဲရတနာခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး ဒေါ်တင်တင်နွဲ့၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် တိုင်းစစ်ဌာနချုပ်စည်းရုံးရေးကော်မတီဝင်များ၊ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

နာငါးနာဖြင့် ဆောင်ရွက်

ရှေးဦးစွာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူပေါက်ဖွားခဲ့ခြင်းဖြစ်ပြီး မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးသတ်တပ်ဖွဲ့၏ ရည်ရွယ်ချက်သုံးရပ်၊ အဓိကတာဝန်ငါးရပ်၊ စွမ်းရည်သုံးရပ်နှင့် လုပ်ငန်းစဉ်ခုနစ်ရပ်တို့ကို စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာနှင့် အကြင်နာတည်းဟူသော နာငါးနာဖြင့် ပြည်သူချစ်သော မီးသတ်တပ်ဖွဲ့များဖြစ်အောင်ဆောင်ရွက်ရန် အကျယ်တဝင့်မှာကြားသည်။

မီးသတ်တပ်ဖွဲ့သမိုင်း

ဆက်လက်၍ တနင်္သာရီတိုင်း မီးသတ်ဦးစီးဌာနမှူး ဦးမြင့်စိုးက မီးသတ်တပ်ဖွဲ့နေ့ဖြစ်ပေါ်လာပုံနှင့် မီးသတ်တပ်ဖွဲ့သမိုင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ၂၀၀၅ခုနှစ် ဒီဇင်ဘာ၂၃ရက် မြိတ်မြို့ မြစ်ငယ်ရပ်ကွက် မီးလောင်မှုတွင် စွမ်းစွမ်းတမံပါဝင် မီးငြိမ်းသတ်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များအား တိုင်းမီးသတ်ဦးစီးဌာနမှူး က ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၁၀

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဗဟုဇန ဟိတဓရ ဘဒ္ဒန္တ သောဘဏ(ဒီဃနိကာယကောဝိဒ သာသနဇ သိရီပဝရဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ မေ ၁၈ ရက်မှ ၂၇ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ဖုန်း-၀၁-၅၇၁၂၅၈သို့ဖြစ်စေ မေ ၁၇ ရက်အရောက် ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒသမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပမည်

ရန်ကုန် မေ ၁၀

ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀အဖွဲ့(အင်းစိန်)က ၂၀၀၅ခုနှစ်တွင် အဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးခုနစ်ပါးနှင့် ညောင်ဦးမြို့နယ် စဥ့်ကူမြို့ရှိ ဝါဆိုသံဃာ ၃၁၅ပါးကို ငွေကျပ် ၄၅သိန်းကျော်ဖိုးမျှ သင်္ကန်းနှင့်ဆွမ်းဆန်စိမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ပြီး ၂၀၀၆ခုနှစ် ဒသမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဩဂုတ်၂ရက်(တနင်္ဂနွေနေ့)တွင် အင်းစိန် ရွာမအနောက်ရပ်ကွက် ညောင်ပင်သာကျောင်းတိုက်၌ကျင်းပရန် စီစဉ်ထားရာ အဖွဲ့ဩဝါဒါစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ ကမ္မဋ္ဌာနကထိက ဆရာတော်များကို ဝါဆိုသင်္ကန်းများ အလှူရှင်များကိုယ်တိုင် ဆက်ကပ်မည်ဖြစ်သည်။

သင်္ကန်းတစ်စုံ ကျပ်၁၉၈၀ဖြင့် လှူဒါန်းလိုသူများသည် ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ) ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့ရုံး၊ စုပေါင်းရုံးဝင်း၊ အင်းစိန် ဖုန်း-၀၁-၆၄၀၄၈၇၊ ၆၄၀၄၈၉၊ ဦးစိုင်းဘုန်းထူး-ဒေါ်ဖြူဖြူညွန့် (စိုင်းဘုန်းထူး ဗီဒီယိုဓာတ်ပုံစတူဒီယို) အမှတ်(၁၀၅) ၄၈လမ်း ရန်ကုန် ဖုန်း-၂၉၂၆၄၄၊ ၂၉၄၆၀၆၊ ဦးသန်းထိုက်စိုး ဒု-ဈေးတာဝန်ခံ အင်းစိန်ဈေးကြီး၊ ဒေါ်စုစံ(ဖူဂျီဓာတ်ပုံ) အနော်ရထာလမ်းနှင့် ၃၄လမ်းထောင့် ဖုန်း-၇၀၀၁၃၆နှင့် ဆီမီး၉၉၀၀ အမှုဆောင်တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၀၄၆)**

မေ ၉ရက်က မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၈)ကြိမ်မြောက် အမျိုးသမီးတံခွန်စိုက်ပြိုင်ပွဲနှင့် သက်တန်းအလိုက်လူငယ်စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကို အောင်ဆန်းကွင်းအထူးတန်းအောက်ရှိ ကရာတေးဒိုလေ့ကျင့်ရေးခန်းမတွင်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က စစ်တုရင်ပထမရွှေ့ကွက်ကို ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (မြန်မာ့အလင်း)

ကွန်ပျူတာစက်အရန်ပစ္စည်းများ အိုင်တီသင်တန်းများ၌ အသုံးပြုရန်လှူဒါန်း

ရန်ကုန် မေ ၁၀

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)မှ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနသို့ ITသင်တန်းများ၌ အသုံးပြုရန် ကွန်ပျူတာစက်အရန်ပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ ကိုရီးယား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်နှင့် ဒုတိယဌာနေကိုယ်စားလှယ်၊ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနား၌ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြား၍ စက်အရန်ပစ္စည်းများ လက်ခံပြီး ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (KOICA)၏ မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ် Mr. Cho Sang-Woo က လှူဒါန်းရခြင်းအကြောင်းရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှင်းဆီကုန်းဘိုးဘွားရိပ်သာ ကဆုန်လပြည့်ဗုဒ္ဓနေ့ကျင်းပမည်

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ သာသနာနှစ် ၂၅၅၀ပြည့်ဖြစ်သော ၁၃၆၈ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့တွင် မဟာဗောဓိပင်စိုက်ပျိုးပူဇော်ခြင်းနှင့် ဗောဓိရက္ခဥဒကပူဇာမင်္ဂလာအခမ်းအနားကျင်းပမည်ဖြစ်သည်။

အဆိုပါ ဗောဓိပင်စိုက်ပျိုးပူဇော်ခြင်းနှင့် ဗောဓိရက္ခဥဒကပူဇာမင်္ဂလာ အခမ်းအနားသို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အသက်၁၀၄နှစ်ရှိ အဘွားဒေါ်အေးမေနှင့် အသက်၉၆နှစ်ရှိ ဘိုးချက်တို့အား အမှူးထား၍ အဘိုးအဘွားများ၊ အလှူရှင်များ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဘိုးဘွားစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်များက တပျော်တပါးတက်ရောက်၍ စည်ကားသိုက်မြိုက်စွာ ကုသိုလ်ယူကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရတနာပုံ အနုပညာပန်းချီပြပွဲ စိတ်ပါဝင်စားသူများ ကြည့်ရှုနိုင်

ရန်ကုန် မေ ၁၀

မန္တလေးအသင်း(ရန်ကုန်)က ကြီးမှူး၍ ရတနာပုံအနုပညာခန်းမ၌ ပထမအကြိမ် ပန်းချီပြပွဲကို ဇွန်၂၅ရက်(တနင်္ဂနွေနေ့)မှစတင်၍ ရက်သတ္တနှစ်ပတ်ကြာ အခမဲ့ခင်းကျင်းပြသမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှုနိုင်သည်။

ပန်းချီပြပွဲတွင် ထင်ရှားကျော်ကြားသည့် ပန်းချီဆရာကြီးများအပါအဝင် နိုင်ငံအဝန်းရှိ ပန်းချီဆရာများ၏ ပန်းချီကားများကို ချိတ်ဆွဲပြသမည်ဖြစ်သည်။ ပြပွဲတွင် ပါဝင်ပြသလိုသည့် ပန်းချီဆရာများသည် ဇွန်၁ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး မိမိတို့၏ ပန်းချီကားများကို ဇွန် ၁၉ရက် နောက်ဆုံးထား၍ ရတနာပုံအနုပညာခန်းမတည်ရှိရာ မန္တလေးအသင်း (ရန်ကုန်) အမှတ် ၆၂၈/၆၃၂ ကုန်သည်လမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း-၃၈၈၆၀၃သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

ရတနာပုံ အနုပညာခန်းမ၌ ပန်းချီအနုပညာပြပွဲများကို စဉ်ဆက်မပြတ် အမြဲတမ်းပြခန်းအဖြစ် ဖွင့်လှစ်ပြသမည်ဖြစ်သည်။ **(သတင်းစဉ်)**

မေ ၁၀ရက်က ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်ထားသော ရန်ကင်းမြို့နယ် အမှတ်၅ရပ်ကွက်ရုံးတွင် နယ်လှည့် စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းအေးနှင့် ရပ်ကွက်အရန်အဖွဲ့ဝင်(၂) ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်နယ်/တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲဆက် ရောဝတီတိုင်းနှင့်မွန်ပြည်နယ်တို့ အကြိုဗိုလ်လုပွဲတက်

ရန်ကုန် မေ ၁၀

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် ပဒေသာအားကစားကွင်းတို့၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့သည်။

ဧရာဝတီတိုင်းနိုင်

အောင်ဆန်းအားကစား ပြိုင်ကွင်း၌ ဧရာဝတီတိုင်းအသင်းနှင့် စစ်ကိုင်းတိုင်း အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဧရာဝတီတိုင်းအသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဧရာဝတီတိုင်းအသင်းအတွက် အနိုင်ဂိုးများကို ရီရီမြင့်က လေးဂိုး၊ အေးငြိမ်းသူနှင့် မေသက်ဖြူတို့က တစ်ဂိုးစီ သွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ဧရာဝတီတိုင်းအသင်းမှ ရီရီမြင့်က ရရှိသည်။

အနိုင်ရရှိ

တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားကွင်း၌ မွန်ပြည်နယ် အသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းတို့ယှဉ်ပြိုင်ကစားရာ မွန်ပြည်နယ် အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို မွန်ပြည်နယ်အသင်းမှ ခင်မိုးဝေက ရရှိသည်။

ဒုတိယအကြိုဗိုလ်လုပွဲ

ဧရာဝတီတိုင်းအသင်းနှင့် မွန်ပြည်နယ်အသင်းတို့သည် မေ၁၃ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပထမအကြိုဗိုလ်လုပွဲ

မေ၁၁ရက်**(ယနေ့)**တွင် ပွဲမရှိဘဲ မေ ၁၂ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်တိုင်းအသင်းနှင့်မန္တလေးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

❒ ကျောဖုံးမှ

အခမ်းအနားတွင် NLD ပါတီမှ နုတ်ထွက်သူရှစ်ဦးကိုယ်စား တနိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကဆုန်ဆင်ဝါးက ၎င်းတို့ NLD ပါတီမှ နုတ်ထွက်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟို)သည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိခြင်း၊ ခေါင်းဆောင်များအကြား စိတ်ဝမ်းကွဲနေခြင်းစသည့် ပါတီ၏အနေအထားများအပေါ် ၎င်းတို့အနေဖြင့် စိတ်ကုန်ခန်းမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ပါတီအနေဖြင့် မှန်ကန်သည့်ဦးဆောင်မှုမပေးနိုင်သည့်အပြင် ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ၊ ဂိုဏ်းဂဏစွဲများဖြင့် ကွဲပြားလျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟို)၏ ဦးဆောင်မှု၊ ကူညီပံ့ပိုးမှုမပေးနိုင်သဖြင့် ပြည်သူလူထုကလည်း ၎င်းတို့၏ ပါတီအဖွဲ့ဝင်များအား ဒေသ၌ လူပိုအဖြစ်သဘောထားလျက် အထင်အမြင်သေးခြင်းကို ခံနေရသဖြင့် ပေးအပ်ထားသည့်တာဝန်များကို ဆက်လက်ဆောင်ရွက်လိုခြင်း မရှိတော့ကြောင်း၊ ၎င်းတို့အနေဖြင့် နိုင်ငံတော်အစိုးရ၏ တိုင်းပြည်နှင့်လူမျိုးအတွက် ဆောင်ရွက်ပေးနေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆောင်ရွက်မှုများ၊ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်မှုများကို နိုင်ငံအနှံ့တွင်သာမက ၎င်းတို့ဒေသတွင်း၌လည်း အမှန်တကယ်မျက်မြင်ကိုယ်တွေ့ သိရှိခံစားနေရပြီဖြစ်ကြောင်း၊ ၎င်းတို့ဒေသ၌ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် လက်တွဲပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကိုယ်တိုင်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူလူထုကိုလည်း ပါဝင်ဆောင်ရွက်အောင် စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဏာမက်မောပြီး အာဏာရရှိရေးကို အဓိကထား၍ ကိုယ်ကျိုးအတ္တကြီးမားသည့် NLDပါတီအပေါ် လုံးဝစိတ်ဝင်စားမှုမရှိတော့သဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီမှ နုတ်ထွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နုတ်ထွက်သည့်ပါတီဝင်ရှစ်ဦးကိုယ်စား တနိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကဆုန်ဆင်ဝါးက ပါတီအတွင်းဆောင်ရွက်ခဲ့စဉ်က အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများကို တနိုင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌထံ ပေးအပ်ပြီး အခမ်းအနားကို ညနေ ၄နာရီတွင် ရုပ်သိမ်းလိုက်သည်။

တနိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အလုပ်အမှုဆောင်အဖွဲ့ကို မူလက ကိုးဦးဖြင့်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ယခုအခါ ဥက္ကဋ္ဌ ဦးကဆုန်ဆင်ဝါးအပါအဝင် အလုပ်အမှုဆောင်ခြောက်ဦး NLDပါတီမှ နုတ်ထွက်သွားခဲ့ပြီး ကျန်အလုပ်အမှုဆောင်သုံးဦးမှာလည်း အခြားဒေသသို့ရောက်ရှိနေသဖြင့် တနိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် လှုပ်ရှားဆောင်ရွက်မှုမရှိတော့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကဆုန်လပြည့် ဗုဒ္ဓနေ့

ရှေးပညာရှိ သူတော်ကောင်းကြီးများက ဘုရားရှင်၏ ဘဝဖြစ်တော်စဉ်၌ အရေးပါသော ရက်များကြုံနေသည့် ကဆုန်လပြည့်နေ့ကို **'ဗုဒ္ဓနေ့'**ဟူ၍ သတ်မှတ်ခဲ့ကြသည်။ ထို့အပြင် စာပေကျမ်း ဂန်များတွင် ကဆုန်လပြည့်နေ့ကို **'ဝိသာခပုဏ္ဏမာ'**ဟု သုံးနှုန်း၏။ ဝိသာခါ နက္ခတ်နှင့် စန်းယှဉ်သည့်နေ့ဟု အဓိပ္ပာယ်ရသည်။ ဤလောကဓာတ်ကြီးအတွင်း ပွင့်တော်မူသမျှ ဘုရားရှင်တို့သည် ဤ**'ဝိသာခပုဏ္ဏမာ'** ခေါ်သည့် ကဆုန်လပြည့်နေ့တွင်သာ ဘုရားဖြစ်တော်မူကြသည်။ ထို့ကြောင့် ကဆုန်လပြည့်နေ့ကို **'ဗုဒ္ဓနေ့'**ဟု သတ်မှတ်ခဲ့ကြပါသည်။

မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်ဖြစ်တော်စဉ်များတွင် **'ဗျာ၊ ဖွား၊ ပွင့်၊ စံ၊ ဤလေးတန်၊ မှတ်ရန် ဗုဒ္ဓနေ့' ဟု** အဆိုရှိပါသည်။ ကဆုန်လပြည့်နေ့တွင် ဗျာဒိတ်တော်ခံယူခြင်း(ဗျာ)၊ ကဆုန်လပြည့်နေ့တွင် ဖွားတော်မူခြင်း (ဖွား)၊ ကဆုန်လပြည့်နေ့တွင် ပွင့်တော်မူခြင်း(ပွင့်)၊ ကဆုန်လပြည့်နေ့တွင် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း(စံ)၊ ဤကဲ့သို့ ကဆုန်လပြည့်နေ့မှာပင် မြတ်ဗုဒ္ဓ၏အဖြစ်တော်လေးမျိုး တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပေါ်ခဲ့သည့်အတွက်ကြောင့် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓဘာသာဝင် သူတော်စင်တို့က **'ဗုဒ္ဓနေ့'** ဟူ၍ အထွတ်အမြတ်ထားကြခြင်းဖြစ်သည်။

မြတ်စွာဘုရားအလောင်းတော်သည် ဤဘဒ္ဒကမ္ဘာမှ လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းအထက်၌ အမရဝတီနေပြည်တော်ကြီးတွင် **"သုမေဓာ"** ဟူသောအမည်ဖြင့် သူဌေးသားတစ်ဦးဖြစ်၏။ မိဘတို့ထားခဲ့ရသောပစ္စည်းဥစ္စာများအပေါ် သံဝေဂဉာဏ်များ ဖြစ်ပွားပြီး စွန့်လှူ၍ တောထွက်ကာ ရသေ့ရဟန်းပြုခဲ့၏။ ရမ္မာဝတီမြို့သူမြို့သားတို့သည် ဒီပင်္ကရာမြတ်စွာဘုရားကြွလာမည်ဖြစ်၍ လမ်းများပြင်ဆင်နေကြရာ သုမေဓာရှင်ရသေ့လည်း ပါဝင်ပြီး လမ်းပြင်ဆင်၏။ မပြီးမီ ဘုရားကြွလာသော ကြောင့် သုမေဓာရှင်ရသေ့သည် သူ၏ခန္ဓာကိုယ်ကို ရွှံ့ညွှန်ထဲတွင် တံတားသဖွယ် အသုံးပြုရန် အလျားမှောက်နေ၏။ ထိုအခါ ကြွလာတော် မူသော ဒီပင်္ကရာမြတ်စွာဘုရားက **နောင်သောအခါ ငါကဲ့သို့ ဘုရားဖြစ်လိမ့်မည်ဟု** ဗျာဒိတ်ပေးတော်မူသည်။

ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ဝေဿန္တရာမင်းကြီးဘဝတွင် ပါရမီတော်များကို ဖြည့်ကျင့်ဆည်းပူးခြင်း ပြီးပြည့်စုံသည်။ ထို့နောက် တုသိတာနတ်ပြည်တွင် သေတကေတုနတ်သားဖြစ်ခိုက်နတ်၊ ဗြဟ္မာများက "အလောင်းတော်နတ်သား ဘုရားဖြစ်ရန် အချိန်တန်ပါကြောင်း" တောင်းပန်သဖြင့် ကပိလဝတ်နေပြည် သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင်ကြီး မာယာဒေဝီ၏ ဝမ်းကြာတိုက်၌ ဝါဆိုလပြည့်၊ ကြာသပတေးနေ့တွင် သန္ဓေယူတော်မူသည်။ ထို့နောက် လုမ္ဗိနီသာမော အင်ကြင်းတော၌ ဖွားမြင်သန့်စင်တော်မူပါသည်။ ထိုနေ့သည် မဟာ သက္ကရာဇ် ၆၈ခုနှစ် ကဆုန်လပြည့်နေ့ ဖြစ်သည်။

မဟာသက္ကရာဇ် ၁၀၃ခုနှစ်၊ ကဆုန်လပြည့်နေ့ နံနက်အချိန်တွင် မြတ်စွာဘုရားအလောင်းတော်သည် သေနာနိဂုံးမှ သုဇာတာသူဌေးသမီး ကပ်လှူသော ဃနာနို့ဆွမ်းကို ၄၉လုတ် ဘုန်းပေးတော်မူပြီး "ဘုရားဖြစ်မည်မှန်လျှင် ဤရွှေခွက်သည် ရေညာသို့ ဆန်တက်ပါစေ"ဟု အဓိဋ္ဌာန်ပြု၍ နေရဉ္ဇရာမြစ်၌ မျှောတော်မူသည်။ ညနေချမ်းအချိန်တွင် မဟာဗောဓိမဏ္ဍိုင်သို့ ကြွတော်မူကာ လမ်းတွင် သောတ္ထိယ မြက်ထမ်းသမားထံမှ

ဦးကျော်စိန် (မန္တလေး)

မြက်ရှစ်ဆုပ် အလှူခံတော်မူ၏။ မဟာဗောဓိ ညောင်ပင်အောက်တွင် အဓိဋ္ဌာန်ဖြင့် ဖြန့်ခင်းရာ (၁၄)တောင် ပမာဏရှိသော ပလ္လင်ပေါ်ပေါက်လာ၏။ "ဘုရားမဖြစ်သမျှ ဤနေရာက ငါမထပြီ"ဟု ဆုံးဖြတ်တော်မူပါသည်။ မာရ်နတ်မင်းရောက်လာပြီး ပလ္လင်ကို လုသော်လည်း မရပါ။ ဖြည့်ဆည်းတော်မူခဲ့သော ပါရမီတို့ကြောင့် "အပရာဇိတပလ္လင်"ဟု ခေါ်တွင်သော ထိုနေရာ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် သုံးပါးကို ရတော်မူပြီး လောကသုံးပါး၌ အတုမရှိသော သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။ ဘုရားဖြစ်တော်မူသောနေ့သည် မဟာသက္ကရာဇ် ၁၀၃ခုနှစ် ကဆုန်လပြည့်နေ့ ဖြစ်သည်။

ဘုရားဖြစ်တော်မူပြီးနောက် ၄၅ဝါတိုင်တိုင် သတ္တဝါများအကျိုးငှာ တရားဟောတော်မူ၏။ နောက်ဆုံးဝါကို ဝေဠုဝရွာ၌ ကပ်တော်မူ၏။ ဝါကျွတ်လတ်သော ကုသိနာရုံသို့ ကြွတော်မူပြီး သုဘဒ္ဒပရိဗိုဇ်အား နောက်ဆုံးချွေချွတ်တော်မူပါသည်။ သက်တော် ၈၀၊ ဝါတော် ၄၅ဝါအရ အင်္ဂါနေ့တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန် ဝင်စံတော်မူပါသည်။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ဝင်စံတော်မူသောနေ့သည် မဟာသက္ကရာဇ် ၁၄၈ခုနှစ် ကဆုန်လပြည့်နေ့ ဖြစ်ပါသည်။

မြတ်ဗုဒ္ဓသည် ကဆုန်လပြည့်နေ့တွင် ဗောဓိခေါ်သော အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတရွှေဉာဏ်တော်ကြီးကို ရရှိတော်မူခဲ့သည်။ အမှီပြုတော်မူရာဖြစ်သော ညောင်ပင်ကိုလည်း ဗောဓိဟုပင်ခေါ်ဆိုရ ပါသည်။ ထိုဗောဓိညောင်ပင်သည် ဗောဓိခေါ်သော အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတရွှေဉာဏ်တော်ကြီးကို ရရှိရန် အားထုတ်တော်မူစဉ် အမှီပြုတော်မူရာဖြစ်သဖြင့် ပရိဘောဂစေတီလည်း ထိုက်နေသည်။ အာ၊ ဗော၊ ကာ၊ ယ၊ ဆန်၊ ရွှေ၊ ကန်ဟူသော ဖွားဖက်တော် ခုနစ်ပါးတွင် ဂေါတမဗုဒ္ဓအရှင်၏ အလောင်းလျာ သိဒ္ဓတ္ထမင်းသားနှင့်အတူ ပေါက်ဖွားလာခဲ့သော ဖွားဖက်တော်လည်း ဖြစ်နေသည်။ ကဆုန်လရာသီ ပူပြင်းသော အခါသမယတွင် ဗြဟ္မာ၊ နတ်၊ လူအပေါင်းတို့က ပူဇော်သောအနေအားဖြင့် ဂေါတမဗုဒ္ဓအရှင်မြတ်၏ ဗောဓိခေါ်သော အရဟတ္တ မဂ်ဉာဏ်နှင့် သဗ္ဗညုတရွှေဉာဏ်တော်ကြီးကို ရရှိရန် အားထုတ်တော်မူရာ အမှီပြုတော်မူခဲ့ရသော ဗောဓိညောင်ပင်အား ရေသွန်းလောင်းခြင်းစသော ကုသိုလ်ကောင်းမှုများပြုကြခြင်း ဖြစ်သည်။ ဘုရားရှင်ကိုယ်တော်တိုင်ကပင်လျှင် **"သက်တော်ထင်ရှား၊ မြတ်စွာဘုရားနှင့် ရုပ်ပွားစေတီ၊ အလီလီကို တူညီစိတ်ထား၊ ပူဇော်ကြွားက၊ အလားတူမျှ၊ ကောင်းကျိုးရ၏"**ဟူသော ဒေသနာတော်မြတ်ကို ကရုဏာရှေ့ထားကာ ဟောကြားတော်မူခဲ့သည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ပူပြင်းသော ကဆုန်လရာသီ အခါသမယတွင် မြတ်ဗုဒ္ဓအရှင်မြတ်၏ ဗောဓိခေါ်သော အရဟတ္တ မဂ်ဉာဏ်နှင့် သဗ္ဗညုတရွှေဉာဏ်တော်ကြီးကို ရရှိရန် အားထုတ်တော်မူရာ အမှီပြုတော်မူခဲ့ရသော ဗောဓိပင်အား ရေသွန်းလောင်းခြင်း ကုသိုလ်ကောင်းမှုပြုကြသည်ကို ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော် ကျင်းပကြသည်ဟူ၍ ခေါ်ဆိုကြခြင်းဖြစ်သည်။

သမ္မာသမ္ဗုဒ္ဓဘုရားစင်စစ် ဧကန်ဖြစ်တော်မူသော မြတ်ဗုဒ္ဓသည် သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးကို လက်ဝယ်ပိုင်ပိုင် ရရှိတော်မူပြီးနောက် 'အဖန်ဖန် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှစွာသောကြောင့် ဒုက္ခယှက်လိမ် ခန္ဓာအိမ်ကို အကြိမ်ကြိမ်ဆောက်လုပ်တတ်သူ တဏှာယောကျ်ားလက်သမားကို မြင်နိုင်သောဉာဏ်ကိုမရသေးသဖြင့် ဘဝများစွာ သံသရာပတ်လုံး ကျင်လည်ခဲ့ရပေပြီ။ ဒုက္ခယှက်လိမ် ခန္ဓာအိမ်ကို အကြိမ်ကြိမ်ဆောက်လုပ်တတ်သော ဟယ်-တဏှာယောကျ်ားလက်သမား၊ ငါသည် သင့်ကိုပညာမျက်စိဖြင့် ယခုတွေ့မြင်အပ်ပြီ၊ အဝိဇ္ဇာတည်းဟူသောအိမ်၏အထွတ်ကို ငါဖျက်ဆီးအပ်ပြီ၊ ငါ၏စိတ်သည် ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်ပြီ၊ တဏှာကုန်ရာကုန်ကြောင်း အရဟတ္တဖိုလ်ကို ငါရပြီ'ဟု ဆင်ခြင်တော်မူသောအခါ မြတ်ဗုဒ္ဓအရှင်၏ သန္တာန်တော်မှာ ဝမ်းမြောက်မှု စိတ်အဟုန်ဖြင့် အလုံးစုံသော ဘုရားရှင်တို့ ဘုရားဖြစ်တော်မူလျှင် ကျူးရင့်တော်မူမြဲဓမ္မတာဖြစ် သည့် 'အနေကဇာတိ သံသာရံ'စသော ဂါထာကို ကျူးရင့်တော်မူပါသည်။ မြတ်ဗုဒ္ဓရှင်၏ ကိုယ်စား ရုပ်ပွားဆင်းတုတော်များ၏ ကိုယ်စား၊ သံဃာတော် များက 'အနေကဇာတိ သံသာရံ'စသော ဂါထာတော်များကို 'ကဆုန်လပြည့် ဗုဒ္ဓနေ့'၌ ကျူးရင့်ပူဇော် ရွတ်ဆိုပေးခြင်းကို အနေကဇာတင် ဗုဒ္ဓါဘိသေက မင်္ဂလာသဘင် ဆင်ယင်ကျင်းပသည်ဟု ခေါ်ဆိုကြသည်။

ဤကဆုန်လသည်ကား မြတ်စွာဘုရားရှင်နှင့် စပ်၍ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အဖို့ နေ့ထူးနေ့မြတ်၊ လထူးလမြတ်ကြီးဖြစ်ပေသည်။ ဤအချိန် အခါ၌ ဘုရားရှင်၏ ဂုဏ်တော်တို့ကို အာရုံပြု၍ လောဘ၊ ဒေါသ၊ မောဟ ငြိမ်းကြောင်း တရားကောင်းတို့ကို ပွားများအားထုတ်နိုင်ကြပါစေကြောင်း တင်ပြအပ်ပါသည်။ ။

နိုင်ငံတော်အနေဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဘက်စုံ ပံ့ပိုးကူညီပေးနေ လုပ်ငန်းများအောင်မြင်ရေး အစုရှယ်ယာရှင်များ အတ္တ၊ပရမျှတစွာ ပါဝင်ဆောင်ရွက်

ရန်ကုန် မေ ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် မေ ၈ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် တောင်စလင်းကျောင်းတိုက်ရှိ မဟာအောင်မြေဓမ္မဗိမာန်သို့ ရောက်ရှိ၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော် ဝိနည်းဓိုရ် ဝါခင်းကုန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဗဟုဇနဟိတဓရ ဘဒ္ဒန္တတိက္ခနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးစက်မှုဇုန်များ အဆင့်တိုးမြှင့်ရေး စီမံကိန်းရှိ သံရည်ကျိုစက်ခုတ်စား၊ ပုံလောင်းပုံဖိ စက်ရုံများသို့ ရောက်ရှိရာ ရှေးဦးစွာ Foundry Shop သို့ ရောက်ရှိ၍ သံရည်ကျိုခြင်းလုပ်ငန်းနှင့် သဲပုံလောင်းခြင်းလုပ်ငန်းများကို လည်းကောင်း၊ ပုံလောင်းပြီး စက်အပိုပစ္စည်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားသည်။

စက်အရန်ပစ္စည်းကြည့်ရှု

ထိုမှတစ်ဆင့် ဝန်ကြီးသည် Ware House သို့ရောက်ရှိပြီး စက်ရုံမှ ထုတ်လုပ်ထားသော စက်ကိရိယာ အစိတ်အပိုင်းပြခန်းရှိ စက်အရန်ပစ္စည်းများကို ကြည့်ရှုကာ စက်ရုံထုတ် စက်အရန် ပစ္စည်းများကို စနစ်တကျ ပြသမှတ်တမ်းတင်ထားရှိရေး မှာကြားသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးစက်မှုဇုန်များ အဆင့်တိုးမြှင့်ရေး စီမံကိန်း သံရည်ကျိုစက်ခုတ်စား စက်ရုံများ တည်ဆောက်ရေးလုပ်ငန်းရှင်းလင်းဆောင်၍ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ ရှေးဦးစွာ မန္တလေးတော်ဝင် စက်မှုလက်မှုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က သံရည်ကျို စက်ခုတ်စား ပုံလောင်းပုံဖိ အဆင့်မြင့်စက်ရုံများကို ၂၀၀၄ခုနှစ် မေလတွင် စတင် တည်ဆောက်ခဲ့ရာ ၂၀၀၅ခုနှစ် ဩဂုတ်လတွင် ထုတ်လုပ်မှုလုပ်ငန်းများ အကောင်အထည်ဖော်မှု အခြေအနေ၊ အကျိုးအမြတ်အခြေအနေ၊ ဘဏ္ဍာရေး အခြေအနေစသည်တို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက နိုင်ငံတော်အနေဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဘက်စုံထောင့်စုံမှ ပံ့ပိုးကူညီပေးနေကြောင်း၊ နိုင်ငံတော်၏ စေတနာကို လေးစားသောအားဖြင့် အစုရှယ်ယာများ အပြည့်အဝထည့်ဝင်နိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန်၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအမြင်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း၊ ထို့အပြင် ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်ရန် အစုရှယ်ယာရှင်များ အနေဖြင့် အတ္တ၊ပရ မျှတစွာ ပါဝင်ဆောင်ရွက်သွားကြရန်နှင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် အသေးစိတ် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မန္တလေးစက်မှုဇုန် မော်တော်ယာဉ်ထုတ်လုပ်ရေး ဌာနသို့ ရောက်ရှိ၍ ထုတ်လုပ်ပြီး ကုန်ချိန်တန်၃၅တန်ဆံ့ ကုန်တင်ယာဉ် ၁၀ဘီးကားကို လည်းကောင်း၊ ကြက်ဆူဆီ(Bio Diesel)၁၀၀ရာခိုင်နှုန်းဖြင့် မောင်းနှင်နိုင်သော ခရီးသည်တင် ဘတ်စ်ကားကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ကျောက်ဆည်စက်မှုဒေသသို့ ရောက်ရှိ၍ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း၏ဘိလပ်မြေစက်ရုံ(ကျောက်ဆည်) အစည်းအဝေးခန်းမ၌ စက်မှုနယ်မြေရှိ စက်ရုံမှူးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း၏ ဘိလပ်မြေစက်ရုံ(ကျောက်ဆည်)သို့ ရောက်ရှိကာ **(အပေါ်ဝဲပုံ)**မီးသင်းဖို၏ လည်ပတ်ထုတ်လုပ်မှု အခြေအနေများနှင့် ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ချောကလက်စက်ရုံ

ထိုမှတစ်ဆင့်ဝန်ကြီးသည် သကြားလုံးစက်ရုံ(ကျောက်ဆည်)ရှိ ချောကလက်စက်ရုံသို့ ရောက်ရှိကာ နှစ်ထပ်ရောစပ်စက်၏ အခြေအနေ၊ ကြိတ်ချေရောမွှေစက် အခြေအနေ၊ ချောကလက်ဖြည့်စက် အခြေအနေ၊ အအေးခံရွှေ့လျားစက်ဖြင့် ချောကလက်တောင့်များ ထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ထုတ်လုပ်ပြီး ချောကလက်များကို အအေးခံခြင်းလုပ်ငန်းများနှင့် ထုပ်ပိုးခြင်းလုပ်ငန်းများကို လည်းကောင်း၊ ချောကလက်ထုတ်လုပ်ရာ၌ အဓိကလိုအပ်သော ကုန်ကြမ်းပစ္စည်းများနှင့် ထုတ်လုပ်ပြီး သီဟိုဠ်စေ့ချောကလက်၊ မြေပဲချောကလက်နှင့် ရိုးရိုးချောကလက်တောင့်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားသည်။

(သတင်းစဉ်)

ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအား တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်း တွေ့ဆုံ၊ ထောက်ပံ့ငွေများပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်းသည် ယမန်နေ့နံနက်ရနာရီခွဲက ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ သာကေတဆိပ်ခံတံတား ခရီးသည်ခန်းမဆောင်၌ ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်၍ တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအား တွေ့ဆုံကာ ကိုကိုးကျွန်းမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ (အောက်ပုံ)

မိတ်ဆက်ပေး

ပေးအပ်လှူဒါန်း

မိတ်ဆက်ပေး

ထို့နောက် တိုင်းမှူးအား တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများနှင့် မိတ်ဆက်ပေးသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် တိုင်းမှူးက ဝန်ထမ်း ၂၈ဦးတို့အတွက် ငွေကျပ် ၅၆၀၀၀၊ ခရီးသည် ၈၀တို့အတွက် ငွေကျပ် ၈၀၀၀၀နှင့် ကိုကိုးကျွန်းမြို့နယ်၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်း၁၇၈ဦးတို့အတွက် မေလအတွက် လစဉ်ထောက်ပံ့ငွေကျပ် ၂၆၇၀၀၀ စုစုပေါင်း ငွေကျပ် ၄၀၃၀၀၀ကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးက ကိုကိုးကျွန်းမြို့နယ် သာသနာ့မဏ္ဍိုင်ကျောင်းတိုက်သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ မိသားစုက လှူဒါန်းသည့် ငွေကျပ် ၁၆၁၁၅၀တန်ဖိုးရှိ ဘာသာရေးစာအုပ် မျိုးစုံ ၂၁၂အုပ်ကိုလည်းကောင်း၊ တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဇနီးဒေါ်မာမာဝေတို့မိသားစုက လှူဒါန်းသည့် ငွေကျပ်၉၁၃၁၉၈တန်ဖိုးရှိ ဘာသာရေးစာအုပ်မျိုးစုံ အုပ်၃၀၀၊ တရားတိပ်ခွေနှင့် CDမျိုးစုံ၊ စာအုပ်ဗီရို၊ ဆိုလာဆဲလ်နှင့် ဆက်စပ်ပစ္စည်းများ၊ အင်ဗာတာ၊ ဘတ္တရီနှင့် မိုက်ခရိုဖုန်းတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကိုကိုးကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝေက လက်ခံသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဦးဝင်းနိုင်–ဒေါ်ချိုချိုမိသားစု (ပြည့်စုံဝင်းနိုင်ကုမ္ပဏီ)က သာသနာ့မဏ္ဍိုင်ကျောင်းတိုက်နှင့် ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာရုံးများ၊ ကျောင်းနှင့်ဆေးရုံတို့၌ အသုံးပြုရန်အတွက် ငွေကျပ် ၁၁၃၄၀၀၀တန်ဖိုးရှိ ရုပ်မြင်သံကြား ဖမ်းစက်ငါးလုံး၊ CDကက်ဆက် သုံးလုံး၊ DVDပြစက်နှစ်လုံးနှင့် Sound Boxတစ်စုံတို့ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမြင့်ဝေထံ ပေးအပ်ကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် ကိုကိုးကျွန်းမြို့နယ်သို့ထွက်ခွာမည့် တောင်ကြီး သင်္ဘောပေါ်သို့ တက်ရောက် ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

တိုက်ကြီးမြို့နယ် ပန်းပွင့်တစ်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းသားကျောင်းသူများအတွက် ပညာရေးရန်ပုံငွေ ပေးအပ်ပွဲကို မေ ၈ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရထံ အလှူရှင် အင်းစိန်မြို့ (က+ခ)ရပ်ကွက် က–၄လမ်း အမှတ် ၂၅၂နေ ဦးအောင်မြင့်–ဒေါ်အမာဆွေ မိသားစုက အလှူငွေကျပ် တစ်သိန်းဆက်ကပ်လှူဒါန်းစဉ်။ (ဝ၄၆)

ပြည်တွင်းပြည်ပသာသနာပြုရန် အလှူငွေများ ပေးအပ်

ရန်ကုန် မေ ၁၀

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၏ ပြည်တွင်းပြည်ပသာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန် အလှူရှင်များက သာသနာရေးဝန်ကြီးဌာနသို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၄နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာနဝန်ကြီးရုံး ဧည့်ခန်းမ၌ကျင်းပရာ ဦးအောင်သန်း–ဒေါ်သဇင်မြင့်အောင်၊ သမီး ပိုမိုမြင့်အောင် မိသားစု (Power Palace Hotel) အောင်ချမ်းသာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့က အလှူငွေကျပ် ၃၆ သိန်း၊ ရန်ကုန် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့က အလှူငွေကျပ်သိန်း ၃၀နှင့် ကွယ်လွန်သူ အဘွားဆရာမကြီး ဒေါ်အေးမြင့်၊ ဖခင်ဦးစိန်ဌေးတို့အား ရည်စူး၍ ဒေါ်ညိုညိုမြင့်နှင့် မိသားစုက ပိုက်ကျုံပရဟိတကျောင်းအတွက် အလှူငွေကျပ် ၁၁သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

ဆူးလေစေတီတော် ဂေါပကအဖွဲ့ကြီးမှူး လေးမြို့နယ်ရှိ သက်ကြီးပူဇော်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၀

ဆူးလေစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ပထမအကြိမ်မြောက် (၄)မြို့နယ်ရှိ အသက်(၈၀)နှင့်အထက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ ၉ရက် မွန်းလွဲ ၁နာရီတွင် ဆူးလေစေတီတော် ရင်ပြင်ရှိ အာရုံခံတန်ဆောင်း၌ ကျင်းပရာ ရှေးဦးစွာ သိမ်တော်ကြီးပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဂုဏလင်္ကာရထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

လျှောက်ထား

ထို့နောက် သက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးချစ်အေးက သက်ကြီးပူဇော်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ လျှောက်ထားတင်ပြသည်။

အမျှပေးဝေ

ယင်းနောက် ဆရာတော် ဘဒ္ဒန္တဂုဏလင်္ကာရက ဩဝါဒကထာ ချီးမြှင့်တော်မူပြီး ဆူးလေစေတီတော်ဂေါပကအဖွဲ့ဝင်များက ဆရာတော်၊သံဃာတော်တို့အား လှူဖွယ်ဝတ္ထု ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြကာ ဧည့်ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အသက်(၈၀)နှင့်အထက် အဘိုး၃၂ဦး၊ အဘွား၁၁ဦးတို့အား ဆူးလေစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့်အလှူရှင်များက ကန်တော့ပစ္စည်းများကို ပေးအပ်ကြပြီး တက်ရောက်လာကြသည့် ဧည့်ပရိသတ်တို့နှင့်အတူ လက်အုပ်ချီမိုး၍ ကန်တော့ကြသည်။

ကျေးဇူးတင်စကား

ယင်းနောက် အကန်တော့ခံ အဘိုး၊ အဘွားများကိုယ်စား အဘိုးဘိုကလေး ဦးတင့်အောင်နှင့် သက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးချစ်အေးတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် မေလအတွက်

(၁၄–၅–၂၀၀၆) ရက်နေ့ နှင့်

(၂၈–၅–၂၀၀၆) ရက်နေ့

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြု ဌာနဆိုင်ရာအဖွဲ့အစည်းအချင်းချင်း လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစွာ ဆောင်ရွက်နိုင်

နေပြည်တော် မေ ၁၀

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဖွင့်လှစ်ပို့ချသော Server Operation Training သင်တန်းနှင့် Database Management System (DBMS) သင်တန်းများဖွင့်ပွဲကို မေ၈ရက် နံနက်၉နာရီက နေပြည်တော်မြို့တော် ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးရုံး၌ ကျင်းပသည်။

အမှာစကားပြောကြား

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာကိုအသုံးပြုပြီး ဌာနဆိုင်ရာအဖွဲ့အစည်းများ အချင်းချင်း လုပ်ငန်းများ စွမ်းဆောင်ရည်မြင့်မားစွာ ဆောင်ရွက်နိုင်ရန် ပို့ချသည့် သင်တန်းဖြစ်သည်။

တက်ရောက်

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား၊သင်တန်းသူ ၇၂ဦး တက်ရောက်ကြသည်။

ထို့နောက် ဝန်ကြီးသည်သင်တန်းခန်းမနှစ်ခု၌ သင်တန်း ပို့ချနေသည်တို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးသည် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နေပြည်တော်မြို့တော်ရှိ ရွှေနန်းတော်ဟိုတယ်၊ သင်္ဂဟဟိုတယ်၊ မြတ်တော်ဝင်ဟိုတယ်တို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

စီမံချက်နှင့်အညီဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် အိပ်ခန်းဆောင်ခင်းကျင်းမှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် ရွှေမြို့တော်ဟိုတယ်၊ ရွှေမြန်မာဟိုတယ်နှင့် IGE ကုမ္ပဏီများမှတည်ဆောက်ဆဲဟိုတယ်များအခြေအနေများကို ကြည့်ရှုပြီး စီမံချက်နှင့်အညီ အချိန်မီ လုပ်ကိုင်ဆောင်ရွက်ရေး မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် ကုမုဒြာဟိုတယ်ကို ကြည့်ရှုစစ်ဆေးရာ မန်နေဂျာက ရှင်းလင်း တင်ပြသည်။ ဝန်ကြီးသည် မြေနေရာခင်းကျင်းမှုနှင့်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ဝန်ဆောင်မှုကောင်းမွန်ရေးတို့ကို ဂရုပြုဆောင်ရွက်ရန် မှာကြားကာ ဟိုတယ်၌ တည်းခိုလျက်ရှိသည့်ပြည်တွင်းပြည်ပဧည့်သည်များကို ရင်းနှီးစွာ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ ***ကျော့ဖုံးမှ***

ချန်ပီယံလုပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို မေ ၆ ရက်နှင့် ၇ ရက်က အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပခဲ့သည်။ အကြိုဗိုလ်လုပွဲစဉ်များကို မေ ၁၃ ရက်နှင့် ၁၄ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲ၌ ပြည်တွင်းရှိ ရိုးရာလက်ဝှေ့ကလပ် ၁၅ ခုမှ လက်ဝှေ့ကျော် ၅၁ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။



လိုက်ဝိတ်သာဝိတ်တန်း ၆၃ ဒသမ ၅ ကီလို အကြိုဗိုလ်လုပွဲစဉ်၌ ကြယ်လင်းအောင်(တောင်ကလေး)နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည့် စောဖွဲ့လေး(KLN^ဂ)။ (မြန်မာ့အလင်း)

ကောင်းသူများပါဝင်၍ ရွှေခါးပတ် ချန်ပီယံဆု ဆွတ်ခူးနိုင်မည်ဟု ယုံကြည်ပါကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ နည်းပြ ဦးကျော်စိုးက ယခင်ပြိုင်ပွဲ၌ အောင်မြင်မှုရရှိခဲ့သည့် အခြေအနေအား ပြောကြားရာတွင် “မိမိတာဝန်ယူခဲ့သည့် ၂၀၀၀ ပြည့်နှစ် ဒုတိယအကြိမ် တံခွန်စိုက် ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲတွင် ချန်ပီယံလုပွဲ ကျင်းပနိုင်ခြင်းမှာ ဝမ်းမြောက်စရာဖြစ်ကြောင်း၊ ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် မျိုးဆက်သစ်များ ပေါ်ထွက်လာမည်ဟု မျှော်လင့်ပါကြောင်း၊ အလွတ်တန်းပြိုင်ပွဲ၌ လုံးချော(ညောင်တုန်း)က KLN ကလပ်ကို ကိုယ်စားပြု၍ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ဘက်များနှင့်ပတ်သက်၍ ပြောရလျှင် စိန်ခေါ်ပွဲများ၌ တွေ့ဖူးသူများဖြစ်၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်း၊ မိမိကစားသမားဘဝက ရိုးရာလက်ဝှေ့သမားများထဲ၌ ဆရာဖြစ်သူ သာစည် မောင်မောင်ကြီးကို သဘောအကျဆုံးဖြစ်ကြောင်း၊ လက်ရှိ နည်းပြတစ်ဦးအနေဖြင့် ပြောရလျှင် အယ်ထီးကော် (တောင်ငူ)ကို သဘောကျကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

နည်းပြ ဦးကျော်စိုးအား အလွတ်တန်းပြိုင်ပွဲ၌ ရွှေခါးပတ်လုကြမည့် လုံးချော(ညောင်တုန်း)နှင့် ရွှေဝါထွန်း(သထုံ)တို့၏ အနေအထားနှင့် ပတ်သက်၍ မေးမြန်းရာ “မိမိအမြင်ကို ပြောရလျှင် ကိုရွှေဝါထွန်း၏ အတွေ့အကြုံနှင့်သမ္မာက အားရစရာကောင်းကြောင်း၊ လေးစားလောက်သည့် လက်သီးပိုင်ရှင်ဖြစ်ကြောင်း၊ သမိုင်းကြောင်းကောင်းသည့် လက်ဝှေ့ကျော်

မေ ၁၀ ရက်က အီရန်နိုင်ငံတွင် မေ ၁၃ ရက်မှ ၂၀ ရက်အထိကျင်းပမည့် (၅)ကြိမ်မြောက် အာရှဘီလီယက်ပြိုင်ပွဲ ပါဝင်ဆင်နွှဲမည့် (ဝဲမှယာ) **ကျော်ဦး(မြို့တော်စည်ပင်)၊ နည်းပြဆရာ ဒေါက်တာမင်းနိုင်နှင့် အောင်ဆန်းဦး(မြို့တော်စည်ပင်)တို့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။** (မြန်မာ့အလင်း)

ဦးဝင်းဇင်ဦး တာဝန်ယူ သင်ကြားခဲ့သည်။ ယခုအခါ နည်းပြဦးကျော်စိုးက ဦးဆောင်စီမံ သင်ကြားပြသပေးလျက်ရှိသည်။ ဦးကျော်စိုးသည် စစ်ကိုင်းတိုင်း တမူးမြို့ဇာတိဖြစ်ပြီး ရိုးရာလက်ဝှေ့ကျော် သာစည် မောင်မောင်ကြီးနှင့် ဆက်သွယ်မိရာမှ ရိုးရာလက်ဝှေ့လောကထဲသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ နည်းပြ ဦးဝင်းဇင်ဦးထံ၌

မဟာသုံ့သဃာရရုပ်ရှင်တော်မြတ်ကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် အပူဇော်ခံမည်

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘိုကုန်းရပ်ကွက် မဟာသုံ့သဃာရကျောင်းတော်ကြီးတွင် သီတင်းသုံးတော်မူသော မဟာသုံ့သဃာရရုပ်ရှင်တော်မြတ်ကြီးသည် ခုနစ်ရက်သားသမီးများ ဖူးမြော်ခွင့်ရရှိစေခြင်းငှာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၄)ရပ်ကွက် လှော်ကားလမ်းမကြီး အမေ့သားထိုက်စာပေတိုက်၏ ဗုဒ္ဓမ္မသံဃပူဇာခန်းမတွင် မေ ၁၅ ရက် မွန်းလွဲ ၃ နာရီမှ မေ ၁၇ ရက် မွန်းလွဲ ၂ နာရီအထိ အပူဇော်ခံမည်ဖြစ်ရာ မည်သူမဆို ဖူးမြော်နိုင်ကြောင်း သိရသည်။ **(က-ပ)**

လိုက်ဝယ်လ်တာဝိတ်တန်း ၆၃ ဒသမ ၅ ကီလို ကွာတားဖိုင်နယ်ပွဲ စောဖွဲ့လေးက ဒုတိယအချီ၌ ဖိုးစိုးကို အလဲထိုး အနိုင်ရခဲ့

လက်သီးစွမ်းပြ

မြန်မာ့ရိုးရာ လက်ဝှေ့ကလပ်များ အနက် သက်တမ်းအရင့်ဆုံးဖြစ်ပြီး အောင်မြင်မှုအစဉ်အလာရှိသော KLN ကလပ်သည် လက်ဝှေ့ကျော်ရှစ်ဦးဖြင့် အတန်းခုနစ်တန်း၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ ယခင်ပြိုင်ပွဲ နှစ်ကြိမ်၌ အောင်မြင်မှု အစဉ်အလာကောင်းရှိထားသော KLNကလပ်သည် ယခုပြိုင်ပွဲ၌လည်း ရွှေခါးပတ်ချန်ပီယံဆုများဆွတ်ခူးရန် အလားအလာကောင်းလျက်ရှိသည်။ ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာတွင် စောသဲမျိုး(KLN)နှင့် စောဖွဲ့လေး(KLN) တို့ လက်သီးစွမ်းပြနိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

မြန်မာ့ရိုးရာ လက်ဝှေ့ကျော်များ မွေးထုတ်ပေးနေသော KLN ရိုးရာလက်ဝှေ့ကလပ်၏ ယခုပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ခဲ့မှုများနှင့်ပတ်သက်၍ သိရှိနိုင်ရန် မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် ဝါယာလက် ၃ လမ်းရှိ KLN ကလပ် လေ့ကျင့်ရေးရုံသို့ မြန်မာ့အလင်းက သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

အလွတ်တန်း ရွှေခါးပတ်ချန်ပီယံလုပွဲ၌ ရွှေဝါထွန်း(သထုံ)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် KLN ကလပ်ကိုယ်စားပြုသည့် လုံးချော (ညောင်တုန်း)။ (မြန်မာ့အလင်း)

ချင့်ချိန်စားသောက်

ရှေးဦးစွာ KLN ကလပ်၏ နည်းပြ ဦးကျော်စိုးအား မေးမြန်းရာ “မိမိတို့အနေဖြင့် အကောင်းဆုံး အောင်မြင်မှုရရှိအောင် လေ့ကျင့်ထားပါကြောင်း၊ ယခုပြိုင်ပွဲအတွက် အနီးကပ် လေ့ကျင့်သည့် သဘောမျိုး မဟုတ်ဘဲ ပုံမှန်လေ့ကျင့်လျက်ရှိကြောင်း၊ ယခုပြိုင်ပွဲမှာ ကိုယ်အလေးချိန် အတန်းအလိုက်ပြိုင်ရခြင်းဖြစ်၍ ကိုယ်အလေးချိန်မတက်အောင် အထူးဂရုစိုက်လေ့ကျင့်ရကြောင်း၊အားကစားသမားများအနေဖြင့်လည်း အစားအသောက်ကို ချင့်ချိန်စားသောက်ရန် လိုအပ်ကြောင်း၊ မိမိတို့ကလပ်မှ အားကစားသမားများထဲတွင် အနောက်တိုင်းလက်ဝှေ့ ထိုးသတ်ဖူးသူများ ပါဝင်၍ ကိုယ်အလေးချိန်မတက်အောင် နေထိုင်စားသောက်သည့် အတွေ့အကြုံရှိကြကြောင်း၊ လက်ရည်

KLN ကလပ်အတွက် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါကြောင်း၊ ထိုစဉ်က မြို့တော်စည်ပင်ကလပ်က ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ်ငါးခုဖြင့် အသင်းလိုက် တံခွန်စိုက်ဆု ရရှိခဲ့ကြောင်း၊ မြို့တော်စည်ပင်ကလပ်က အတန်းတစ်တန်းလျှင် နှစ်ဦးနှုန်း ယှဉ်ပြိုင်ခဲ့ပြီး မိမိတို့ KLN ကလပ်က အတန်းခြောက်တန်း၌ တစ်တန်းလျှင် တစ်ဦးနှုန်းသာ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

မျိုးဆက်သစ်

နည်းပြ ဦးကျော်စိုးက ယခုပြိုင်ပွဲနှင့်ပတ်သက်၍ ပြောကြားရာတွင် “ယခုကဲ့သို့ တံခွန်စိုက် ရွှေခါးပတ်

တစ်ဦးဖြစ်ကြောင်း၊ လုံးချောသည် ကြိုးစားအားထုတ်မှုကောင်းပြီး တစ်ဟုန်ထိုး တိုးတက်လာသူဖြစ်ကြောင်း၊ လုံးချော၏ဆရာ ဦးဝင်းဇင်ဦးမှာ မိမိအား ရိုးရာလက်ဝှေ့ နည်းပြတစ်ဦးဖြစ်လာအောင် သင်ကြားပြသပေးခဲ့သူဖြစ်ကြောင်း၊ ကိုရွှေဝါထွန်းနှင့် လုံးချောတို့၏ပွဲမှာ အလွန်ကြည့်ကောင်းသည့် ပွဲတစ်ပွဲဖြစ်လာနိုင်ကြောင်း” မြန်မာ့အလင်းသို့ ပြောကြားသည်။

စီမံသင်ကြား

KLNရိုးရာလက်ဝှေ့ ကလပ်၏ နာယကမှာ ဦးမြင့်စိုးဖြစ်ပြီး ဥက္ကဋ္ဌအဖြစ် ဦးစိုးသန်းဝင်းက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ KLN ကလပ်ကို ၁၉၉၆ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခင်က နည်းပြ

နည်းပြပညာရပ်များကို ဆည်းပူးခဲ့ရာမှ အောင်မြင်သော ရိုးရာလက်ဝှေ့နည်းပြဖြစ်လာခဲ့သည်။ ယခုပြိုင်ပွဲ၌ ကြိုးဝိုင်းဒိုင်နှင့် အမှတ်ပေးဒိုင်လူကြီးတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

ယခုပြိုင်ပွဲ၌ KLN ကလပ်မှ အတန်းရှစ်တန်း၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ သုံးဦးမှာ ကွာတားဖိုင်နယ်အဆင့်မှပင် ထွက်သွားရသဖြင့် ငါးဦးသာ ဆက်လက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ဖယ်သာဝိတ်တန်း ၅၇ ကီလို၌ ကျော်ဆန်း(KLN^ဂ)နှင့် လူလေးအောင် (တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ရန်ဖြစ်သော်လည်း လူလေးအောင် (တောင်ကလေး) ဆေးမအောင်၍ ကျော်ဆန်း(KLN^ဂ) အလိုအလျောက် အကြိုဗိုလ်လုပွဲသို့ တက်ခွင့်ရခဲ့သည်။ အကြိုဗိုလ်လုပွဲတွင် မိုက်ခဲ(ကျွဲမင်း)နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည် ဖြစ်သည်။

ဖယ်သာဝိတ်တန်း ၅၇ ကီလို၌ KLN ကလပ်မှ နှစ်ဦးယှဉ်ပြိုင်ရာ စောသဲမင်း(KLN^ဂ)က ဘိလပ်မြေ မောင်မောင် (ဘိလပ်မြေစက်ရုံ)ကို ရှုံးနိမ့်၍ ကွာတားဖိုင်နယ်မှပင် ထွက်သွားရသည်။ ဘင်တန်ဝိတ်တန်း ၅၄ ကီလို၌ ရွှေဖလား (KLN^ဂ)နှင့် သားရွှေသွေး (တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ငါးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်ဘဲ အမှတ်ပေးစနစ်ဖြင့် ဆုံးဖြတ်ရာ သားရွှေသွေး (တောင်ကလေး) အနိုင်ရသွားသည်။

ထောက်လက်သီး

ဝယ်လ်တာဝိတ်တန်း ၆၇ ကီလို ကွာတားဖိုင်နယ်ပွဲစဉ်၌ စောဇော်လွင် (KLN^ဂ)နှင့် ရန်ကြီးအောင် (အလင်းရောင်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ စောဇော်လွင် (KLN^ဂ) ဆေးရှုံးပြီး ပြိုင်ပွဲမှ ထွက်သွားရသည်။ စောဇော်လွင် လက်ရည်သာသော်လည်း အတင်းလိုက်ထိုးရာမှ ထောက်လက်သီးမိပြီး နဖူးကွဲသွားရာ ဆရာဝန်က ဆက်ထိုးခွင့်မပြု၍ ရန်ကြီးအောင်(အလင်းရောင်) အနိုင်ရသွားခြင်းဖြစ်သည်။

လိုက်ဝိတ်တန်း ကီလို ၆၀ ကွာတားဖိုင်နယ်ပွဲစဉ်၌ စောသဲမျိုး(KLN) နှင့် သမိန်ရာဇာ(မလှိုင်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ စောသဲမျိုး (KLN^ဂ)က တတိယအချီ၌ အလဲထိုးအနိုင်ရသည်။ အကြိုဗိုလ်လုပွဲတွင် စောသဲမျိုး (KLN^ဂ)နှင့် ဘိုင်ရထားသော စောလူမင်း(တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

အလဲထိုး

လိုက်ဝယ်လ်တာဝိတ်တန်း ၆၃ ဒသမ ၅ ကီလို ကွာတားဖိုင်နယ်ပွဲစဉ်၌ စောဖွဲ့လေး(KLN^ဂ)နှင့် ဖိုးစိုး(အလင်းရောင်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ စောဖွဲ့လေး(KLN^ဂ)က ဒုတိယအချီ၌ အလဲထိုး အနိုင်ရသည်။ အကြိုဗိုလ်လုပွဲတွင် စောဖွဲ့လေး (KLN^ဂ)နှင့် ကြယ်လင်းအောင်(တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ဖလိုင်းဝိတ်တန်း ၅၁ ကီလို၌ ကွာတားဖိုင်နယ်ပွဲစဉ်များမပါဝင်၍ အကြိုဗိုလ်လုပွဲစဉ်၌ ထစ်ချွန်း(KLN^ဂ)နှင့် ဇာနည်မင်း (မြွေဟောက်မင်း)တို့ မေ ၁၃ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ အလွတ်တန်း၌ KLN ကလပ်ကို ကိုယ်စားပြုသည့် လုံးချော (ညောင်တုန်း)နှင့် နှစ်ရှည်ဥယျာဉ်ခြံ ကလပ်ကို ကိုယ်စားပြုသည့် ရွှေဝါထွန်း(သထုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ အလွတ်တန်းပြိုင်ပွဲ၌ နှစ်ဦးသာ စာရင်းပေးသွင်းထားသဖြင့် ကွာတားဖိုင်နယ်နှင့် အကြိုဗိုလ်လုပွဲစဉ်များမပါဝင်ဘဲ ဗိုလ်လုပွဲ တစ်ပွဲသာ ပြိုင်ရမည်ဖြစ်သည်။

စောင့်စားကြည့်ရှု

မေ ၁၃ ရက်နှင့် ၁၄ ရက်၌ ကျင်းပမည့် အကြိုဗိုလ်လုပွဲစဉ်များနှင့် မေ ၂၁ ရက်၌ ကျင်းပမည့် ဗိုလ်လုပွဲစဉ်များအတွက် ကြိုတင်လက်မှတ်များကို ဇော်ပစ်တိုင်းထောင် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး အမှတ် ၁၇၄ မြေညီထပ် ၃၅ လမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၌ ဝယ်ယူနိုင်ကြောင်း သိရသည်။ အကြိုဗိုလ်လုပွဲစဉ်များအတွက် ဝင်ကြေးအဖြစ် ရိုးရိုးတန်း ကျပ် ၂၅၀၀၊ အထူးတန်း ကျပ် ၃၅၀၀ သတ်မှတ်ထားသည်။ ၂၀၀၆ ခုနှစ် တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ အောင်မြင် ဖြစ်မြောက်ရေးအတွက် Myanmar Towards Co., Ltd. က အဓိက ပံ့ပိုး ကူညီဆောင်ရွက်ပေးသည်။ မြန်မာ့ရိုးရာလက်ဝှေ့ကလပ်များအနက် သက်တမ်းအရင့်ဆုံး KLN ကလပ်မှ ရိုးရာလက်ဝှေ့ကျော်များ ရွှေခါးပတ် မည်မျှဆွတ်ခူးနိုင်မည်ကို စောင့်စား ကြည့်ရှုရမည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

၂၀၀၆-၂၀၀၇ ဘောလုံးရာသီပြိုင်ပွဲကျင်းပရေး ဘောလုံးအသင်းများ ညှိနှိုင်းစည်းဝေးမည်

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၆-၂၀၀၇ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းပြိုင်ပွဲ၊ ပထမတန်းပြိုင်ပွဲ၊ ဒုတိယတန်းပြိုင်ပွဲ၊ တတိယတန်းပြိုင်ပွဲနှင့် အသက်(၂၀)အောက် လူငယ်ပြိုင်ပွဲများကျင်းပရေးနှင့် စပ်လျဉ်း၍ပြိုင်ပွဲဝင်အသင်းများ၏ အထွေထွေညှိနှိုင်းအစည်းအဝေးကို မေ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) အိုလံပစ်ဟိုတယ်-၂ ၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

ချက်လက်ရွေးစင်ဘောလုံးအသင်း။ (ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့ဖလားဝင်မည့် ရွှန်နေ ခြေကျိုးရာမှ ကောင်းအောင်ကြိုးစားနေ

လန်ဒန် မေ ၁၀

အင်္ဂလန်တိုက်စစ်မှူး ရွှန်နေသည် ချယ်လ်ဆီးအသင်းနှင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် ခြေထောက်ကျိုးခဲ့သဖြင့် ဆေးကုသမှုခံယူလျက်ရှိသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပရန် နီးကပ်လာချိန်တွင် အင်္ဂလန်အသင်းတွင် ရွှန်နေ ပါဝင်ကစားနိုင်မည်၊ မကစားနိုင်မည်ဆိုသည့် ကိစ္စနှင့် ပတ်သက်၍ ကမ္ဘာ့ဘောလုံးပရိသတ်က အထူးစိတ်ဝင်စားနေကြသည်။

ငင်းသည် ယင်းကဲ့သို့ ခြေကျိုးသွားခဲ့သဖြင့် ခြောက်ပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း၊ ထိုသို့ အနားယူကုသခြင်းမပြုပါက ဘောလုံး ကောင်းစွာ ကန်နိုင်လိမ့်မည်မဟုတ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

အောင်မြင်မှုရရှိနိုင်

ရွှန်နေသည် ယင်းဒဏ်ရာကြောင့် ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်များနှင့် လွဲဖွယ်ရှိသည်။ သို့ရာတွင် အင်္ဂလန်ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ဟမ်းက ရွှန်နေမပါဘဲ အင်္ဂလန်အသင်း အောင်မြင်မှုရရှိနိုင်ကြောင်း အခိုင်အမာ ပြောဆိုလိုက်သည်။

မျှော်လင့်

ရွှန်နေသည် အင်္ဂလန်၏ အကောင်းဆုံး တိုက်စစ်မှူးဖြစ်သည်။ ငင်းသည် ကမ္ဘာ့ဖလားနောက်ဆုံး ၁၆သင်း ယှဉ်ပြိုင်မှုဖြစ်သည့် ဇွန်၂၄ရက်တွင် ကစားမည့်ပွဲများတွင် ပါဝင်ကစားနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

အင်္ဂလန်နည်းပြ အဲရစ်ဆင်က အသက် ၁၇ နှစ် အရွယ်ရှိ လူငယ်တိုက်စစ်မှူး သီယိုဝေါကော့တ်အား ရွေးချယ်ထားကြောင်း သိရသည်။ သို့ရာတွင် ရွှန်နေသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အကောင်းဆုံး လူငယ်ကစားသမားအဖြစ် တည်ရှိနေပြီး အတွေ့အကြုံရင့်ကျက်သူ တစ်ယောက်ဖြစ်သည်။ ယခုအခါ ရွှန်နေသည် ကမ္ဘာ့ဖလားပါဝင်ကစားနိုင်ရေး အတွက် နေ့စဉ် ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ။ **(အင်တာနက်)**

ဒဏ်ရာရနေသော ရွှန်နေအား မန်ယူကစားဖော် ဆီဗက်စတာလ်နှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား ချက်အသင်း၏ ပြင်ဆင်မှုအနေအထား

စုစည်းတင်ပြသူ မြင့်မောင်စိုး

ချက်ရီပတ်ဘလစ် မေ ၁၀

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို ဂျာမနီနိုင်ငံ၌ ဇွန်၉ ရက်မှ ဇူလိုင်၉ ရက်အထိကျင်းပတော့မည်ဖြစ်ရာ ကမ္ဘာ့ဖလားဝင်ခွင့်ရ ဘောလုံးအသင်း(၃၂)သင်း၏ အကြောင်းကို မြန်မာ့အလင်း ဘောလုံးဝါသနာရှင်များအတွက် တစ်ရက်လျှင် တစ်သင်းနှုန်းဖြင့် ရေးသားဖော်ပြပေးလျက်ရှိပါသည်။

ယနေ့တွင် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရ ဥရောပဇုန်မှ ချက်သမ္မတနိုင်ငံ၏ ဘောလုံးအသင်း ခြေစစ်ပွဲအောင်ရန် ကြိုးပမ်းခဲ့ရမှုများကိုကြိုတင်သိရှိနိုင်ရေးအတွက် Yangon Entertainment Ltd. မှ ရရှိသော သတင်းအချက်အလက်များကို ကိုးကားလျက် ဖော်ပြလိုက်ပါသည်။

ချက်အသင်းမှ အားထားရသော တိုက်စစ်မှူး နက်ဗက်။ (ဓာတ်ပုံ–အင်တာနက်)

ယှဉ်ပြိုင်ခွင့်ရရှိ

ချက်သမ္မတနိုင်ငံ ဘောလုံးအသင်းသည် ဥရောပတွင် ဘောလုံးနည်းစနစ်ပိုင်းအနေအထားအရ အစဉ်အလာကြီးမားသော အသင်းတစ်သင်းဖြစ်ခဲ့သည်။ ငင်းတို့သည် ချက်ကိုဆလိုဗက်ကီးယားနိုင်ငံ အမည်ဖြင့် ကမ္ဘာ့ဖလားကို ရှစ်ကြိမ်တိုင် ပါဝင်ကစားခဲ့ပြီး ဖြစ်သည်။ ချက်သမ္မတနိုင်ငံအသင်းအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်မှုမှာ ယခု၂၀၀၆ပြိုင်ပွဲသည် ပထမဆုံးအကြိမ် ခြေစစ်ပွဲ အောင်ပြီး ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။

အကောင်းဆုံးခြေစွမ်း

ချက်အသင်းသည် အမြဲတမ်းအသင်းကြီးတစ်သင်းဟု သတ်မှတ်ခံရသော အသင်းကြီးအဖြစ် ဘောလုံးပရိသတ်များက လက်ခံယုံကြည်ထားကြသည်။ ယူရို ၂၀၀၄ ပြိုင်ပွဲကာလကဆိုလျှင် ချက်အသင်းသည် ဂျာမနီ၊ နယ်သာလန်အသင်းတွေကို နောက်မှလိုက်ကစားပြီး ငင်းတို့၏ အကောင်းဆုံးခြေစွမ်းကို ပြသနိုင်ခဲ့သည့် အသင်းဖြစ်သည်။

သို့ရာတွင် ချက်အသင်းသည် ယင်း ယူရို ၂၀၀၄ ၌ အကြိုဗိုလ်လုပွဲတွင် ဂရိအသင်းကို မထင်မှတ်ဘဲ ရှုံးနိမ့်သွားခဲ့ရသည်။

ခြေစစ်ပွဲအောင်

ခြေစစ်ပွဲ အောင်နိုင်ရန်အတွက် ၂၀၀၅ခုနှစ် နိုဝင်ဘာလက နော်ဝေအသင်းနှင့် ရှုံးထွက် ကစားရသည့်ပွဲ၌ ဒဏ်ရာရသူ များနေသော ချက်အသင်းတွင် နိုင်ငံအသင်းကနေ ၁၆ လကြာ အနားယူထားပြီဖြစ်သော နက်ဗက် အသင်းမှာပြန်ကစားပေးခဲ့သည်။ အကျဉ်းအကျပ်ထဲမှ ရုန်းထွက်ကာ ခြေစစ်ပွဲအောင်ပွဲခံနိုင်မှုကိုလည်း ပြသနိုင်ခဲ့သည်။

ပထမဆုံးအကြိမ်

ချက်အသင်းသည် ချက်ကိုဆလိုဗက်ကီးယား အမည်ဖြင့် ၁၉၃၄ ခုနှစ်မှစပြီး ကမ္ဘာ့ဖလားကို ပထမဆုံး အကြိမ် ဝင်ရောက် ယှဉ်ပြိုင်ကစားခဲ့သည်။

အောင်မြင်မှု အနေအထားမှာ ၁၉၃၄ ခုနှစ်နှင့် ၁၉၆၂ခုနှစ်တို့တွင် ဒုတိယဆုအထိ ရရှိခဲ့သော အသင်းဖြစ်သည်။

ပြန်ကစား

ချက်အသင်းမှ အားထားရဆုံးသော အဓိကကစားသမားမှာ ပေဗယ်နက်ဗက်ဖြစ်သည်။

ငင်းသည် ယူရို ၂၀၀၄အပြီးတွင် ဒူးဒဏ်ရာကြောင့် နိုင်ငံအသင်းကနေ အနားယူခဲ့သည်။ ယခုအခါ အသက် ၃၃ နှစ်အရွယ်ရှိပြီးဖြစ်သော နက်ဗက်သည် ချက်အသင်းနှင့်အတူ ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားဝင်မည် ဖြစ်ကြောင်း သိရသည်။

အကောင်းဆုံးဘောလုံးသမားဆု

ယူရို ၁၉၉၆ ခုနှစ်တွင် ဂျာမနီကို ရှုံးသောပွဲ၌ နက်ဗက် ပါဝင်ကစားခဲ့သည်။ ရှုံးခဲ့သော်လည်း ငင်း၏ ခြေစွမ်းကိုတော့ လူတိုင်းသတိထားမိခဲ့ကြသည်။ ယင်းနောက် နက်ဗက်သည် စီးရီးအေအသင်းဖြစ်သော လာဇီယိုအသင်းသို့ လည်းကောင်း၊ ဂျူဗင်းတပ်စ်အသင်းသို့လည်းကောင်း အသီးသီး ပြောင်းရွှေ့ခဲ့ကာ ငင်း၏ ခြေစွမ်းကို ပြသနိုင်ခဲ့သည်။ ယင်းကဲ့သို့ ခြေစွမ်းကောင်းလှသည့် နက်ဗက်သည် ၂၀၀၃ ခုနှစ်တွင် ဥရောပ၏ အကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ယှဉ်ပြိုင်မည်

နက်ဗက်သည် ရည်ရွယ်ချက်ကြီးမားပြီး ပြင်းပြင်းထန်ထန်ကြိုးစားသည့် ကွင်းလယ် တိုက်စစ်ကစားသမား ဖြစ်သည်။ ယခု ကစားမည့် ၂၀၀၆ကမ္ဘာ့ဖလားသည် ငင်းအတွက် ပထမဆုံးသော ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မှု ဖြစ်သည်။ ချက်အသင်းသည် ကမ္ဘာ့ဖလားအုပ်စု(င)တွင်ပါဝင်ပြီး ဇွန် ၁၂ ရက်တွင် အမေရိကန်အသင်းနှင့် လည်းကောင်း၊ ဇွန်၁၇ရက်တွင် ဂါနာအသင်းနှင့် လည်းကောင်း၊ ဇွန် ၂၂ ရက်တွင် အီတလီအသင်းနှင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ဂျာမန်အိုးပင်းတင်းနစ်ပြိုင်ပွဲ ကမ္ဘာ့ကျော်များ လက်စွမ်းပြ

ဘာလင် မေ ၁၀

ယခင်ကမ္ဘာ့နံပါတ်(၁)တင်းနစ်ကစားသမား မာတီနာဟင်းဂစ်သည် ကမ္ဘာ့အဆင့်(၁၁)ရှိ အီတလီနိုင်ငံသူ ဖလာဗီယာပန်နက်တာအား ဘာလင်မြို့၌ ကျင်းပသော ဂျာမန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ၇–၅၊ ၆–၃ ဖြင့် အနိုင်ရပြီး ဒုတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

တက်ရောက်နိုင်

ဆွစ်ဇာလန်နိုင်ငံသူဟင်းဂစ်သည် ဇန်နဝါရီလက ဩစတြေးလျ ချန်ပီယံရှစ်တွင် အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သော တင်းနစ်ကစားသမားဖြစ်သည်။

အခြားပွဲအဖြစ် ရုရှားမှ အယ်လီနာလစ်ဟိုဆီဗာက စပိန်နိုင်ငံသူ လော်ရာပိုးရပ်အား ၆–၄၊ ၆–၃ ဖြင့် ရှုံးနိမ့်ခဲ့သည်။

ဆားဘီးယားမှ အနာအိုင်ဗာနိုဗစ်က တရုတ်နိုင်ငံမှ နာလီနှင့်ယှဉ်ပြိုင်ကစားရာတွင် ဒဏ်ရာကြောင့်ထွက်သွားရသည်။

နာမည်ကြီး မာတီနာဟင်းဂစ်သည် ၁၉၉၉ ခုနှစ်က အဆိုပါဂျာမန်အိုးပင်းဖလားကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

သူမသည် နောက်ထပ်ပြိုင်ပွဲအဖြစ် ဂျာမန်သူ ဂျူလီယာစကက်ဖ်နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အကြိုက်အနယ်ပွဲ

အဆိုပါဂျာမန်အိုးပင်းတွင် နာမည်ကြီး တင်းနစ်မယ်များဖြစ်ကြသည့် ပြင်သစ်မှ ကမ္ဘာ့နံပါတ်(၁) တင်းနစ်ကစားသမား မော်ရက်စမိုနှင့် ကမ္ဘာ့နံပါတ်(၂) ဘယ်လ်ဂျီယံသူ ကလိုက်စတားစ်တို့လည်း အကြိတ်အနယ်ပွဲများအဖြစ် ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ဘယ်လ်ဂျီယံသူ ကလိုက်စတားစ်သည် မကြာမီတွင် ၂၀၀၆ ခုနှစ်အတွက် သူမ၏ ပထမဆုံးဖလားအဖြစ် ဝါဆော၌ ပြုလုပ်သော J & S ဖလားကို ပူပူနွေးနွေး ဆွတ်ခူးထားသည်။ **(အင်တာနက်)**

မာတီနာဟင်းဂစ်၏ ကစားဟန်။ (ဓာတ်ပုံ–အင်တာနက်)

ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူရန်ကြော်ငြာ

သက္ကရာဇ် ၄၂၁ခုနှစ်တွင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းတော်များ စဉ်ဆက်မပြတ် ကပ်လှူပူဇော်လျက်ရှိရာ ယခုအခါတွင် စေတီတော်ကြီး၌ ၁၉၉၈ခုနှစ်ပိုင်းမှ ကပ်လှူပူဇော်ခဲ့သော ကြာခံကြီး၊ ကြေးဝိုင်း၊ ရှစ်မြှောင့်ချိုး၊ ပစ္စယာသုံးဆင့်နှင့် ကြာသွတ်အိုး ၁၂လုံးရှိ ရွှေ သင်္ကန်းတော်များမှာ မှေးမှိန်နေပြီဖြစ်သည့်အတွက် ငွေကျပ်သိန်းပေါင်း ၁၆၅၀ကျော်ခန့် အကုန်အကျခံ ကပ်လှူပူဇော်မည်ဖြစ်၍ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

လှူဒါန်းဖွယ်ရာများမှာ

နှစ်လက်မပတ်လည် မျက်ပါးရွှေတစ်ဆိုင်း	- ကျပ်	၁၆၀၀၀
ဆိုင်းဝက်အတွက်	- ကျပ်	၈၀၀၀
ကိုးလက်မပတ်လည်ရွှေချပြီး	- ကျပ်	၅၀၀၀
တစ်ပေပတ်လည်ရွှေချပြီး	- ကျပ်	၇၀၀၀
ကြာသွတ်အိုးရွှေချပြီး(ကိုးလုံးကျန်ပါသည်)	- ကျပ်	၂၅၀၀၀၀

ဆက်သွယ်ရန်လှူဒါန်းနိုင်သည့်ဌာနများမှာ-
အတွင်းရေးမှူး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ညောင်ဦးမြို့၊ ဖုန်း ၀၆၁-၆၀၂၆၁
ဥက္ကဋ္ဌ၊ ရွှေစည်းခုံဂေါပကအဖွဲ့၊ ညောင်ဦးမြို့
ဖုန်း ၀၆၁-၆၀၈၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရွှေစည်းခုံဂေါပကအဖွဲ့
ညောင်ဦးမြို့။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော လှိုင်မြို့နယ်၊ လှိုင်မြင်းမိုရ်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှအမည်ပေါက် ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား အရပ်စာချုပ်အဆင့်ဆင့်ဖြင့် နောက်ဆုံးဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် တိုက်ခန်းအမည်ပြောင်းလဲပေးခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက် အမည်မှတ်ပုံတင်အမှတ်	လျှောက်ထားသူအမည် မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁ ၂	ဒေါ်ကြည်ကြည်စန်း ဒေါ်ခင်သန်းနွဲ့ °CE-၀၃၄၁၈၃မှ	၁၃/လရန(နိုင်)၀၆၆၆၆၅မှ	
၃	ဒေါ်အေးနန္ဒာထွန်း ၁၂/လမန(နိုင်)၁၀၉၆၈၇မှ	ဒေါ်မာလာ ၁၂/မရက(နိုင်)၁၁၄၈၂၃	တိုက် ၁၅ အခန်း ၂၂ လှိုင်မြင်းမိုရ်အိမ်ရာ

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လ၏ ဗုဒ္ဓစာပေဆုနှင့်စာအောင်ဆုချီးမြှင့်မည်

ရန်ကုန် မေ ၁၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာသာသနဝေပုလ္လကျောင်း အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လ၏ ပဥ္စမအကြိမ် ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ၂၈ရက် မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်းရှိ မဟာသာသနဝေပုလ္လကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဗုဒ္ဓစာပေဆုနှင့်စာအောင်ဆုရရှိကြသော သံဃာတော်များနှင့်လူပုဂ္ဂိုလ်များ ကြွရောက်ဆုချီးမြှင့်ခြင်းခံယူနိုင်ကြပါရန် ကြေညာထားသည်။

ဗုဒ္ဓစာပေဆုနှင့်စာအောင်ဆုရ သံဃာတော်များနှင့် လူပုဂ္ဂိုလ်များမှာ ဗုဒ္ဓစာပေ(ပထမ)ဆု ဘဒ္ဒန္တ ဒီပဓေ(သေဋ္ဌကဝိ) (ပိဋကတ်နှင့် သိမှတ်စရာမြန်မာမှုများ)၊ အဂ္ဂမဟာအကျော် အရှင်ဝါသဝလင်္ကာရ၊ ပထမကျော်(ပထမကြီးတန်း) အရှင်ဓမ္မရောလင်္ကာရ၊ ပထမလတ်တန်း(ပထမ) အရှင်ကုန္ဒကဝိသိဋ္ဌာလင်္ကာရ၊ ပထမငယ်တန်း(ပထမ) အရှင်ပညာသာရ၊ ပထမကြီးတန်း(ပထမ) (အမျိုးသမီး) ဒေါ်ဝင်းဝင်းမော်၊ ပထမလတ်တန်း(ပထမ) (သီလရှင်) မဥဇုကာရီ၊ ပထမငယ်တန်း(ပထမ) (သီလရှင်)ဒေါ်သောဏာထေရီ၊ အဘိဓမ္မာ(ပထမ)ဒေါ်မြမာလာ၊ အဘိဓမ္မာ ဂုဏ်ထူးဆောင်(ပထမ) ဦးစိုးတင့်၊ ဝိသုဒ္ဓိမဂ်(ပထမ) ဦးထွန်းလှိုင်၊ တက္ကသိုလ်ဝင်စာမေးပွဲသိပ္ပံ(ပထမ)မောင်ဇင်ဦးမောင်နှင့်မောင်ရှိုင်းဇော်အောင်၊ တက္ကသိုလ်ဝင်စာမေးပွဲ(ဝိဇ္ဇာ) (ပထမ)မသန္တာအောင်တို့ဖြစ်ကြောင်း သိရှိရပြီး ဗုဒ္ဓစာပေဆုနှင့်စာအောင်ဆု ငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုကြသော အလှူရှင်များသည် ပဓာနနာယကဆရာတော် ဦးဓမ္မတိဏ္ဏ မဟာသာသနဝေပုလ္လကျောင်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၈၆၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပေဗိမာန်ထုတ်စာအုပ်များဖြန့်ချိ

ရန်ကုန် မေ ၉

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာပေဗိမာန်စာမူဆုရ စာအုပ်များနှင့် ပခုက္ကူဦးအုံးဖေ စာပေဆုရစာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

စာပေဗိမာန်စာမူဆု

အဆိုပါစာအုပ်များမှာ ၂၀၀၂ခုနှစ် စာပေဗိမာန်စာမူဆုရရှိကြသော သုတပဒေသာ(ဝိဇ္ဇာပညာရပ်)စာပေ ပထမဆုရ ဦးသောင်းငွေ ရေးသားသည့် "ရတနာသုံးသွယ်"စာအုပ်၊ ဘာသာပြန်စာပေ ပထမဆုရ ဇော်ထွန်းအောင်၏ "ဒစ်ဂျစ်တယ်မျက်မှောက်ခေတ်"စာအုပ်နှင့် ၂၀၀၂ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု ကျမ်းစာပေ ပထမဆုရ ဦးမြတ်ကျော်(မြန်မာစာအဖွဲ့)ရေးသားသည့် "မြန်မာပေါရာဏ မိတ်လင်စုံအဘိဓာန်"စာအုပ်၊ ၂၀၀၃ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆုကျမ်း စာပေဒုတိယဆုရ ထန်လှိုင်၏ "မြန်မာ့ရိုးရာ သဘာဝအမိုးများ"စာအုပ်တို့ဖြစ်သည်။

ဝယ်ယူရရှိနိုင်

အဆိုပါစာအုပ်များကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ်(ဒုတိယထပ်)ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့်နယ်ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးစက်နှိုးရာမှလောင်သည့်အောင်မြေသာစံမီးနှင့် တီးတိန်၌မီးကြွင်းမီးကျန်မှမီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၁၀

ချင်းပြည်နယ် တီးတိန်မြို့နယ် လွယ်ပွားရပ်ကွက်နေ ဦးမိုခန်စိန်၏နေအိမ်၌ မေ၈ရက် နံနက်၃နာရီခန့်တွင် မီးဖိုမီးကြွင်းမီးကျန်မှ စတင်၍မီးလောင်မှုဖြစ်ပွားရာ မီးလောင်ရာသို့ သန္တေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံး မီးလောင်ဆုံးရှုံးသွားသည်။

အလားတူ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ်(၁၅၉)ပုလဲငွေရောင်ရပ်ကွက် ၂၂/၂၃လမ်းနှင့် ၈၃/၈၄လမ်းကြားနေ ဦးအိုက်ရီ၏ နှစ်ထပ်တိုက်၏မြေအောက်ခန်း၌ မေ၉ရက် ည၇နာရီ မိနစ်၄၀တွင် မီးစက်နှိုးရာမှဝိုင်ယာရှော့ဖြစ်ပြီးမီးလောင်ကျွမ်းမှုဖြစ်ပွားရာ မီးလောင်ရာသို့ သန္တေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၆၀ကျော်သွားရောက်ငြိမ်းသတ်ခဲ့သည်။ ယင်းမီးလောင်မှုကြောင့်ပီနံအိတ်၊ သစ်ခွပန်းခြောက်နှင့်ဝိုင်ယာကြိုးများမီးလောင်ခံရပြီး ငွေကျပ်၂၀၀၀၀ခန့်ဆုံးရှုံးသွားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ရွာမှာ တစ်ကန် တစ်ကန်မှာ တစ်တော ဒို့မြေမှာ ဒို့တွေထိန်း စိမ်းမြတဲ့တော

အမည်ပြောင်း

၇/ညလပ(နိုင်)၁၄၁၅၈၀ ကိုင်ဆောင်သူ ကျွန်မ သဇ္ဈာကျော်အား မဝင်းမော်နီဟု ပြောင်းလဲခေါ်ပါရန်။ **မဝင်းမော်နီ။**

အမည်ပြောင်း

အဖ ဦးတင်ဝင်း၏ သား (အထက-၁၊ မ/၃ နဝမတန်း(ဇ)မှ မောင်လွင်ဦးနောင်အား မောင်အောင်ကောင်းမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်ကောင်းမြတ်။**

အမည်ပြောင်း

ဦးညွန့်အောင်၏ သားဖြစ်သူ အထက(၁)တောင်ဥက္ကလာပ စတုတ္ထတန်း(အေ)မှ မောင်ပြည့်ဖြိုးညွန့်အား ယနေ့မှစ၍ မောင်ပြည့်ဖြိုးဟိန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ပြည့်ဖြိုးဟိန်း။**

ကျေးဇူးဆပ်ပါမည်

ကျွန်မ မနန်းစိမ်းလဲ့လဲ့ဝင်း၏ နိုင်ငံကူးလက်မှတ်အမှတ် CDC-761054 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **မနန်းစိမ်းလဲ့လဲ့ဝင်း**
ဖုန်း-၅၂၄၆၉၃၊ ၀၉-၅၀၁၂၆၄၂။

ပွိုင့်ဝမ်း ရော်ဘာပျိုးပင်အရောင်းဌာန

(၁) ရော်ဘာမျိုးသန့်စေ့ပင်
(၂) ရော်ဘာမျိုးသန့်ကိုင်းကူးပင်
မင်းလမ်း၊ ထုံးကြီးလမ်းထိပ်၊ အင်းတကော်၊ ပဲခူးမြို့၊ ဖုန်း-၀၁-၇၁၀၂၆၅။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဓ/၂၅၈၀ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ ၁၅ရက် အတွင်း(ကညန)တိုင်းရုံးခွဲ(ရွာသာကြီး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်နိုင်ပါရန်။ **ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မမ/၆၀၅၄ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန(တိုင်းရုံး)မြိတ်မြို့သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန(တိုင်းရုံး)၊ မြိတ်မြို့၊တနင်္သာရီတိုင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဏ/၉၆၇၉၊ မစ်ဆူဘီရှိ လင်ဆာ(ဆလွန်း)ယာဉ်လက်ဝယ်ရှိသူ အမည် ဦးမြင့်ရွှေ မှတ်ပုံတင်အမှတ် ၁၂/မဂဒ(နိုင်)၀၀၉၆၅၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံးသွားပါသဖြင့် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး၊အင်းစိန်မြို့။**

အင်ဂျင်နီယာများအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

B.E (Civil) နှင့် A.G.T.I(Civil) အင်ဂျင်နီယာများ အလိုရှိသည်။ အတွေ့အကြုံရင့်ကျက်သူကို ဦးစားပေးမည်။ စွမ်းဆောင်ရည်အလိုက် လစာထိုက်တန်စွာချီးမြှင့်မည်။ နယ်၌သွားရောက်ထမ်းဆောင်ရမည်။ စိတ်ပါဝင်စားသူများ ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ လိုအပ်သည့်အထောက်အထားမိတ္တူတို့နှင့်အတူ စာတိုက်သေတ္တာအမှတ်(၁၁၆၂)သို့ လျှောက်ထားနိုင်သည်။



မောင်တောမြို့ မြန်မာ့အသေးစားချေးငွေလုပ်ငန်း ရုံးခွဲသစ်ဖွင့် အဆောက်အအုံသစ် ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ရှင်းလင်း

မောင်တော မေ ၅

နယ်စပ်ဒေသ ရခိုင်ပြည်နယ် မောင်တောမြို့တွင် မြန်မာ့အသေးစား ချေးငွေလုပ်ငန်း(ရုံးချုပ်) ဒုတိယ အထွေထွေမန်နေဂျာ ဦးလှအောင်က ကြီးမှူးပြီး မြန်မာ့အသေးစားချေးငွေလုပ်ငန်း မောင်တော(ရုံးခွဲ) အဆောက်အအုံသစ် ဖွင့်ပွဲအခမ်း အနားကို ဧပြီ ၂၉ ရက် နံနက် ၈ နာရီက မောင်တော အသေးစား မြန်မာ့ချေးငွေလုပ်ငန်းရုံးခွဲ အဆောက်အအုံ သစ်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့အသေးစား ချေးငွေလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဘယဉ်က အဆောက်အအုံသစ် ဖြစ်ပေါ်လာရပုံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးသိန်းထွန်းဦးနှင့် ပြည်နယ်မန်နေဂျာ ဦးဘယဉ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ **(အောက်ပုံ)** မောင်တောမြန်မာ့အသေးစားချေးငွေရုံးခွဲဆိုင်းဘုတ်ကိုမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးနီအောင်က ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပုသိမ် ကန်သာယာပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ပုသိမ် မေ ၃

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကန်သာယာပျိုးဥယျာဉ်တွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို ဧပြီ ၂၅ရက်က အဆိုပါပျိုးဥယျာဉ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် **(အပေါ်ပုံ)** နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြပြီး ခြံစည်းရိုးကြက်ဆူပင်များကို တပျော်တပါး စိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြို့နယ်သတင်းများ

လမ်းခင်းကျောက်စုဆောင်း

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မိုင်းယောင်း–ဟိုရမ်းလမ်း ကတ္တရာခင်းနိုင်ရေးအတွက် ဧပြီ ၂၀ ရက်က တာဝန်ခံအင်ဂျင်နီယာဦးမြင့်လင်း လမ်းခင်းကျောက်များစုဆောင်းထားမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နွားထိုးကြီးမြို့၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

နွားထိုးကြီး မေ ၁

နွားထိုးကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်ကိုင်း ငါးဧကစိုက်ပျိုးဖြစ်ထွန်းနေမှုနှင့် နွားထိုးကြီးမြို့နယ် ရွှေးကုန်းကျေးရွာ အုပ်စု ရတနာပေါက်ကုန်းကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်ကိုင်း ၆၀၀၀ စိုက်ပျိုးထားမှုတို့ကို ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီက မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်ဇံနှင့် မြို့နယ်အသင်းအတွင်းရေးမှူး ဦးအေးသန့်ဆွေတို့က လိုက်လံကြည့်ရှုကြရာ နယ်မြေတာဝန်ခံ တွဲဖက်အတွင်းရေးမှူး ဦးအေးမိုးက ခြံစည်းရိုးကြက်ဆူပင်ကိုင်း စိုက်ပျိုးပြီးစီး ဖြစ်ထွန်းနေမှု အခြေအနေတို့ကို ရှင်းလင်းပြသသည်။

(၂၁၃)

အခြေခံစာရင်းကိုင်ပညာ ရက်တိုသင်တန်းဆင်း

သထုံ မေ ၂

သထုံခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အခြေခံစာရင်းကိုင်ပညာ ရက်တိုသင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၂၃ ရက် နံနက် ၁၁ နာရီခွဲက သထုံခရိုင်စာရင်းစစ်ရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်တင်သိန်းမြင့်က အမှာစကား ပြောကြားပြီး သင်တန်းဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ကြသည်။

ထို့နောက် တက်ရောက်သူများက ခရိုင်စာရင်းစစ်ရုံးဝင်းအတွင်း စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

မြဝတီမြို့ အမှတ် (၄)ရပ်ကွက် လှိုင်ထိပ်ခေါင်တင် လမ်းတွင် မိုးရာသီ ရေစီးရေလာကောင်းမွန်စေရေးအတွက်ရပ်ကွက်နေပြည်သူများ ရေမြောင်းစုပေါင်းတူးဖော်ဆောင်ရွက်မှုကို ဧပြီ ၁၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးကျော်သူလတ်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးလှမြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျောင်းကုန်းမြို့၌ မူလတန်းလွန် တိုးချဲ့ကျောင်းဆောင်သစ် အပြီးသတ်ဆောက်လုပ်မှုအတွက် အလှူငွေပေးအပ်

ကျောင်းကုန်း မေ ၈

ကိုယ့်အားကိုယ်ကိုး တိုးချဲ့ ကျောင်းဆောင်သစ် အပြီးသတ် ဆောက်လုပ်မှုအတွက် ဦးသိန်းမောင်– ဒေါ်တင်လှ (ဆင်မင်းဆေးလိပ်ခုံ မိသားစု)က ငွေကျပ်သိန်း ၂၀ လှူဒါန်းပွဲကို မေ ၅ ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ကညင်သုံးဆင့်ကျေးရွာအခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူရှင် ဦးသိန်းမောင်က ငွေကျပ် သိန်း ၂၀ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး တိုးချဲ့ကျောင်းဆောင်သစ် အပြီးသတ် ဆောက်လုပ်နိုင်မှုအတွက် အလှူငွေကျပ်သိန်း ၂၀ ကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် မြို့နယ် ပညာရေးမှူး ဦးတင့်ဆွေက ပညာရေးနှင့်ပတ်သက်၍ ကျောင်းသားမိဘများ သိသင့်သောအချက်များ၊ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် မြို့နယ်လုံးကျွတ် စည်ကားသိုက်မြိုက်စွာ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပနိုင်ရေးတို့ကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(၂၆၅)**

ခမောက်ကြီးမြို့၌ ယဉ်ကျေးမှုသင်တန်းဖွင့် ယဉ်ကျေးမှုနှင့်ကျောင်းသုံးစာအုပ်များပေးအပ်

ခမောက်ကြီး ဧပြီ ၃၀

ကော့သောင်းခရိုင် ခမောက်ကြီးမြို့ရှိ ရွှေဘုန်းပွင့်တောင် တိလောကရုံကျောင်းတိုက်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၄ ရက် မွန်းလွဲ ၁ နာရီက ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် တိလောကရုံကျောင်းတိုက်ပဓာန နာယက ဆရာတော် ဘဒ္ဒန္တအာဒိစ္စ(တက္ကသိုလ်မဟာဓမ္မာစရိယ–ဘီအေ)ထံမှ အခမ်းအနားတက်ရောက်သူများနှင့် သင်တန်းသား သင်တန်းသူများက ငါးပါးသီလခံယူပြီး နာယကဆရာတော်က ဩဝါဒကထာ မြွက်ကြားသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းသား သင်တန်းသူ ၅၀ ဦးကို ယဉ်ကျေးမှု စာအုပ်များနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၂–၅–၂၀၀၆
(သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဇောဈင်္ဂသုတ်)

နေ့လယ်ပိုင်း

၁၀:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ)
၁၁:၃၅ ထူးဆန်းထွေလာသတင်းပဒေသာ
၁၂:၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်ပေါက်ပင်)
၁၂:၃၀ ဓာတ်လမ်းပမာနားဆင်စရာ (ချစ်ကြရာဝယ်)

ညနေပိုင်း

၁၆:၁၅ ရာသီခါမီတေးပန်းချီ
(၁) နွေကိုချစ်ရင်ပြန်လာပါ
(၂) နှုတ်ဆက်မယ်နွေ
၁၆:၃၀ ဆွေးနွေးခန်း (အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကုန်းမြင့်ယာမြေ–၁၊ စံပြစိုက်ခင်း၏ ခြံစည်းရိုး ကြက်ဆူစိုက်ခင်းအကြောင်း)
၁၇:၃၀ မေတို့ရေးရာသိမှတ်စရာ (စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်နှင့် ဆွေးနွေးခန်း)
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (ချမ်းမြေ့သာယာ တို့ရွာမှာ)
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (ကိရိယာမပါဘဲ ကျန်းမာရေးလေ့ကျင့်မှု–မောင်ဆုရှင်)
၁၉:၁၅ သီတဂူဆရာတော်ကြီး၏ ကဆုန်လပြည့်နေ့အစီအစဉ်
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) တိမ်ပလီနွေနှောင်း
(၂) မောင့်လိုလူစား
(၃) ယုံကြည်လျက်ပါ မောင့်မေတ္တာ
(၄) ချစ်ဖွဲ့

မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ်သိန်း၃၀၀ကျော် အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သော သိမ်အဆောက်အအုံအတွက် မေ ၁၇ရက်က ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလထံ နှစ်ဖက်သောမိဘများအား အမျှထား၍ ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာရိပ်မွန်အိမ်ရာ အမှတ်၂၀၄နေ ဦးအောင်ငွေး၊ ဒေါ်နွယ်နီဝင်း မိသားစုက ငွေကျပ်ခုနစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

ခမ်းပါတ်၌ ဆုတောင်းပြည့်စေတီတော် ထီးတော်တင်လှူ

တမူး မေ ၈

နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိန္ဒ ဆရာတော်ကြီး၏ မွေးရာဇာတိဖြစ်သော တမူးခရိုင် ခမ်းပါတ်မြို့ စွန်လည်ကျေးရွာတွင် တည်ထားတော်မူသော ဉာဏ်တော်၂၇တောင်ရှိ လေးကျွန်းမာန်အောင် ဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို မေ ၂၄ရက် နံနက် ၆နာရီကကျင်းပရာ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးနှင့် ပင့်သံဃာတော်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်နှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာပြည်သူများနှင့်ရပ်နီးရပ်ဝေးမှ ပရိသတ်များ တက်ရောက်ကြပြီး မင်္ဂလာအချိန်တွင် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို တင်လှူပူဇော်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံမြောက် အနောက်ရပ်ကွက် သီရိဂုဏ်ရည်ခြံ အမှတ်၄၂/၁နေ နှစ်ဖက်သောမိဘများအားရည်စူး၍ ဗိုလ်မှူးစန်းအောင် (ငြိမ်း)-ဒေါ်သန်းသန်းစိန်၊ သမီး ဒေါက်တာ ဒေါ်ယုယုအောင်၊ ဗိုလ်မှူးတင်မောင်လင်း(ငြိမ်း)-ဒေါ်မေသူသူခိုင်၊ မြေးလင်းရွှေရည်ခိုင် မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေ ဘုရားစေတီရံတစ်ဆူအတွက် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်တော်မူစဉ်။(က-ပ)

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ဝိုင်းမော် မေ ၃၀

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာတွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို မေ ၂၃ ရက် နံနက် ၈နာရီက အဆိုပါကျေးရွာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ခြံစည်းရိုး ကြက်ဆူပျိုးပင် ၅၅၀၀ကို စိုက်ပျိုးကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့ တာချီလိတ်၌ အန္တရာယ်ကင်းပရိတ်တရားရွတ်ဖတ်

တာချီလိတ် မေ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် မြန်မာနှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို မေ ၁၇ရက်က မြို့နယ်ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော်သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးနှင့် တာဝန်ရှိသူများက အဘိုးအဘွား ၂၄ဦးတို့အား ငွေကျပ် ၇၈၇၂၀၀တန်ဖိုးရှိ ပစ္စည်းများဖြင့် ကန်တော့ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ကျိုင်းတုံမြို့ နမ့်ခင်ချောင်းအတွင်းသို့ ငါးလွှတ်

ကျိုင်းတုံ မေ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ငါးလွှတ်ပွဲ အခမ်းအနားကို ဧပြီ ၁၇ရက်နံနက် ၇နာရီက ကျိုင်းတုံမြို့ နမ့်ခင်ချောင်း၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၏ဇနီး ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြူကြူလှ ဦးဆောင်သောအဖွဲ့ဝင်များက နမ့်ခင်ချောင်းအတွင်းသို့ ငါးလွှတ်ပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ပြည်နယ် ပြန်/ဆက်)

မုဒုံမြို့နယ်ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ရေးကော်မတီသို့ မေ ၂၈ရက်က မုဒုံမြို့ မင်းတန်းရပ်နေ ဦးဘော်လုံး (မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌ) ဒေါ်မဲလင်းက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင် လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

ခြံစည်းရိုးကြက်ဆူပင် စနစ်တကျစိုက်ပျိုးထား

တောင်သာ မေ ၃၀

တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ခြံစည်းရိုးကြက်ဆူကိုင်းဖြတ်ပျိုးပင် ၄၆၅၀၀နှင့် အစေ့ပျိုးပင် ၅၃၅၀၀ကို စနစ်တကျ စိုက်ပျိုးထားသော ခြံစည်းရိုး ကြက်ဆူပင်များ၏ ဖြစ်ထွန်းအောင်မြင်မှုများကို မေ ၂၇ရက်က မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးလေးလွင်ကွင်းဆင်း စစ်ဆေးကြည့်ရှုသည်။ **(၂၁၂)**

မန္တလေးမြို့ ပွဲစားကုန်သည် စက်ပိုင်များ ကထိန်တော်အသင်း နှစ်ပတ်လည်စည်းဝေး၊ စိန်ရတုခန်းမ တည်ဆောက်ရေး အတည်ပြုဆုံးဖြတ်

မန္တလေး မေ ၂၀

မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ ကထိန်တော်အသင်း၏ (၇၁)ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေးကို မေ ၇ရက် နံနက် ၉နာရီက ၈၆လမ်း၊ ၃၂x၃၃လမ်းကြားရှိ အဆိုပါအသင်းတိုက်တွင်ကျင်းပရာ သဘာပတိ ဦးကျော်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ပြီးခဲ့သည့် နှစ်ပတ်လည်အစည်းအဝေးမှတ်တမ်းကို အတည်ပြုကြသည်။(အောက်ပုံ)

ရှင်းလင်းဆွေးနွေး

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အတွင်းရေးမှူး ဦးမြမောင်ကလည်းကောင်း၊ ကထိန်တော် ငွေစာရင်းရှင်းတမ်း၊ အထွေထွေငွေ စာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာတို့ကို စာရင်းစစ်မှူး ဦးမျိုးထွန်းတို့က လည်းကောင်း ဖတ်ကြားကြပြီး အသင်းသားများ၏ အကြံပြုတင်ပြချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထောက်ပံ့လှူဒါန်း

၁၃၆၇ခုနှစ် မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ၏ ကထိန်တော်၌ သံဃာတော် ၆၅၁ ပါးတို့အား တန်ဖိုးငွေ ၁၃၂၂၄၁၅ကျပ်ကို ကထိန်တော်အသင်းသား အသင်းသူများက အောင်မြင်စွာ လှူဒါန်းခြင်းနှင့် လူမှု ဝန်ထမ်း ၁၁ဌာနနှင့် မင်းကွန်းဘိုးဘွား ရိပ်သာတို့ကိုအလှူငွေကျပ်၉၈၀၀၀၀ထောက်ပံ့ လှူဒါန်းသည်။

ရွေးချယ်ကြ

ဆက်လက်၍ ကထိန်တော် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အသင်း ဝန်ထမ်းများအား ချီးမြှင့်ငွေများကို အသင်းဥက္ကဋ္ဌက ပေးအပ်ချီးမြှင့်ပြီး အင်္ဂလိပ်ဘာသာဖြင့် ကထိန်အသင်းအမည် ဖြည့်စွက်ပြင်ဆင်ရေး ကထိန်တော် အသင်း စိန်ရတုခန်းမကြီးအမြန်ဆုံး တည်ဆောက်ရေးတို့ကို အတည်ပြုဆုံးဖြတ်ကာ ကထိန်တော်အသင်း အမှုဆောင်အဖွဲ့ဥက္ကဋ္ဌအသစ်အဖြစ် ဦးကျော်သိန်း (အရိုးတောင်းလက်ဖက်)ကို ရွေးချယ်ကြကြောင်း သိရသည်။ **(၃၁၃)**

ရခိုင် ပြည်နယ် မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် အရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းပြီး မီးဘေး ကြိုတင် ကာကွယ်ရေးအတွက် မေ ၂၁ ရက်က မြို့မဈေးတွင် မီးငြိမ်းသတ်ရေးဇာတ်တိုက် လေ့ကျင့်သရုပ်ပြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့တပ်ရင်းမှူးဒုတိယရဲမှူး မြတ်လင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာရေး စစ်ကိုင်းတိုင်း အားကစားတိုးတက်ရေး အထောက်အကူပြုမည့် ရွှေဘိုခရိုင် ကန့်ဘလူမြို့၌ အားကစားခန်းမသစ်ဖွင့်

ရန်ကုန် မေ ၁၀

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ အားကစားခန်းမသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၇ ရက်က ကျင်းပရာ စစ်ကိုင်းတိုင်း အားကစားနှင့် ကာယပညာကော်မတီနာယက စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက တိုင်းမှူး၏ဇနီး ဒေါ်ဝေဝေခိုင်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်နှင့် ကန့်ဘလူမြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့ဝင်များ၊ အားကစားသမားများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ကြိုးပမ်းမှု အရှေ့ပိုင်းခရိုင်ရှိ ဆင်းရဲနွမ်းပါးမျက်စိဝေဒနာရှင် အဘိုးအဘွားများ၏ မျက်စိနှစ်ကွင်း အလင်းတံခါးကို ဖွင့်ပေးနိုင်ခဲ့ပြီ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့က ကြီးမှူးကျင်းပသော သက်ကြီးဘိုးဘွားများ အား မျက်စိခွဲစိတ်ကုသပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ခွဲစိတ်ကုသမှုခံယူလျက်ရှိသော ဘိုးဘွားများအား ဤသို့လိုက်လံကြည့်ရှုအားပေး ခဲ့သည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

သတင်းမြင်ကွင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၀

"မျက်စိလူ့ကြေ၊ မျက်ကြည်ရ၊ မြတ်သည့်လူ့ဒါန"ဆိုသော စာတန်းလေးကို မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုမှတစ်ဆင့် တွေ့မြင်သိရှိခဲ့သည်မှာ ကြာခဲ့ပေပြီ။

မွန်မြတ်သောအလှူ

မျက်ကြည်လွှာလှူဒါန်းခြင်းသည် မွန်မြတ်သောအလှူဒါနကို ပြုခြင်းဟု ဆိုထားခြင်းဖြစ်သည်။

မျက်စိသည်လူတို့အတွက် နေ့စဉ်လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရာတွင် အလွန်အရေးကြီးပြီး လူ့ခန္ဓာကိုယ်အစိတ်အပိုင်းတွင် လွန်စွာအရေးကြီးသော ကိုယ်အင်္ဂါ အစိတ်အပိုင်းလည်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

NLD ပါတီ(ဗဟို)သည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ၊ ဂိုဏ်းဂဏစွဲများဖြင့် ကွဲပြားလျက်ရှိ ပြည်သူများက NLD ပါတီဝင်များအား လူပိုအဖြစ်သဘောထား အထင်အမြင်သေးပြီး အလေးထားမှုမရှိသော အစိုးရအဖွဲ့ NLD ပါတီအပေါ် လုံးဝစိတ်ဝင်စားမှုမရှိတော့သဖြင့် NLD ပါတီမှ စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၁၀

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကဆုန်ဆင်ဝါး၊ ဒုတိယဥက္ကဋ္ဌ ဦးစကဆင်ဝါးနော်၊ အလုပ်အမှုဆောင် များဖြစ်ကြသော ဦးရှရော်ဝေါင်၊ ဦးဖော်အွတ်ဂမ်အောင်၊ ဦးမကောတူးခေါင်၊ ဦးလကျွမ်ရွှေကြာတန်တို့ ခြောက်ဦးနှင့် ပါတီဝင်နှစ်ဦးတို့အပါအဝင် တနိုင်းမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ရှစ်ဦးတို့သည် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒ အလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာန ချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာ များပေးပို့အကြောင်းကြားခဲ့သည်။ ထို့နောက် အဆိုပါ တနိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ရှစ်ဦးတို့သည် ၎င်းတို့၏နုတ်ထွက်လွှာများကို မေ ၆ ရက် ညနေ ၃ နာရီတွင် တနိုင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံးသို့ လာရောက်ပေးအပ်ကြပြီး နုတ်ထွက် လွှာများ စုပေါင်းပေးအပ်သည့်အခမ်းအနားကို ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ တနိုင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်တရားသူကြီး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ဆရာဝန်ကြီး၊ မြို့နယ် ဘဏ်မန်နေဂျာ၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များနှင့် NLD ပါတီမှ နုတ်ထွက်သူများ တက်ရောက်ကြပြီး တနိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးရှရော်ဝေါင်က အခမ်းအနားမှူး အဖြစ် ဆောင်ရွက်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ❒

လုံးချော(ညောင်တုန်း)နှင့် ရွှေဝါထွန်း(သထုံ)အလွတ်တန်း၌ ဗိုလ်လုမည် KLN ကလပ်မှ လက်ဝှေ့ကျော်များ ရွှေခါးပတ်အလားအလာကောင်း

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံ-မြန်မာ့အလင်း

ရန်ကုန် မေ ၁၀

မြန်မာ့ရိုးရာလက်ဝှေ့ဆိုသည်မှာ အသည်းမာ၍ ဇွဲပါသူများသာ ယှဉ်ပြိုင်ထိုးသတ်နိုင်သော ရိုးရာအားကစားနည်းတစ်ရပ်ဖြစ်သည်။ အနောက်တိုင်းလက်ဝှေ့ကဲ့သို့ လက်အိတ်မစွပ်ရဘဲ ဗလာလက်သီးဖြင့် ထိုးရသည်။ ခြေကန်၊ ဒူးတိုက်၊ ခေါင်းထိုးခံ၊ တံတောင်ပတ်ရိုက် သတ်လုံးသတ်ကွက် စုံလင်စွာ တိုက်ခိုက် ရသဖြင့် တော်ရုံတန်ရုံသတ္တိနှင့် ကြိုးဝိုင်းပေါ်တက်လာရန် မလွယ်ချေ။ မြန်မာ့ရိုးရာလက်ဝှေ့သမားများအနေဖြင့် အသည်းကောင်း၍ ပွဲတောင်းလာလျှင် ဘက်တူပါက လူမရွေးစတမ်း ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ် လေ့ရှိသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ မြန်မာနိုင်ငံ ရိုးရာအားကစား အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆ ခုနှစ် တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်

စာမျက်နှာ ၁၂ ကော်လံ ၁ ■

ဖယ်သာဝိတ်တန်း ၅၇ ကီလို အကြိုဗိုလ်လုပွဲစဉ်၌ မိုက်ခဲ (ကျွဲမင်း)နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည့် ကျော်ဆန်း(KLN)။

(မြန်မာ့အလင်း)

နေပြည်တော်မြို့တော် မိုးလေဝသ အခြေအနေ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့(မေ ၁၁ ရက်)၌နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

11-5 (20).p65 1 1/10/32, 12:03 AM